# ရေးလာတဲ့ပေးစာ

သို့/

**ဂွဏ်းခေါ် စာစောင် အယ်ဒီတာ –**

ဦးဇင်းနာမည် အရှင်သုနန္ဒလို့ခေါ်တယ်။ ရန်ကုန်ကနေ ရွှေလီဘက် ခေတ္တခဏ အလည်အပတ်ရောက်နေတာ ၃ လလောက်ရှိပြီ။ နိုဝင်ဘာ ၁၂ ရက်နေ့မှာ နမ့်ခမ်းအာဏာပိုင်တွေ နအဖ ညောင်နှစ်ပင် ညီလာခံထောက်ခံပွဲ ကျင်းပတယ်။တခြားမြို့တွေလိုဘဲ ဒေသခံအားလုံး တစ်အိမ်တစ်ယောက် မသွားမနေရစနစ်နဲ့ အမိန့်ထုတ်ထားတယ်။

အကြောင်းမသိတဲ့ပြည်ပကလူတွေအနေနဲ့ကြည့်ရင် စစ်အစိုးရကိုပြည်သူတွေ တခဲနက်ထောက်ခံနေကြပါလား ဆိုပြီးလွဲမှားစွာထင်မိမှာအမှန်ဘဲ။ဒေသခံတွေကို ဦးဇင်းသွားမေးကြည့်တော့ ပွဲတက်ထောက်ခံချင်တဲ့လူ တစ်ယောက်မှမရှိဘူး။ သေနတ်အာဏာကို မလွန်ဆန်နိုင်တဲ့လူတွေချည်းဘဲ။

တကယ့်အရင်းအမြစ် ပြန်ကြည့်ရင် **“မင်းတို့ခိုင်းသမျှ လိုက်မလုပ်နိုင်ဘူး ကွ”**ဆိုပြီး ဦးဆောင် ငြင်းဆန်ပြောရဲတဲ့လူ မရှိတာကြောင့်ပါ။ ရပ်ကွက်၊ ကျေးရွာထဲဆင်းပြီး စစ်တမ်းလိုက်ကောက်ကြည့်တော့ **တပည့်တော်တို့အတွက်ကိုယ်ကျိုးစွန့်သူရဲရင့်ထက်မြက်တဲ့ခေါင်းဆောင်ကောင်းတွေ ပေါ်ထွက်လာနိုးနိုး မျှော်နေကြတယ်ဘုရား** လို့ ဦးဇင်းကို တညီတညွတ်တည်း ဖြေကြတယ်။

စက်တင်ဘာ အရေးအခင်းပြီးတဲ့နောက်ပိုင်း နအဖစစ်အာဏာပိုင်တွေ မြို့နယ်တိုင်းမှာ ညောင်နှစ်ပင်ထောက်ခံပွဲနဲ့ ဆန္ဒပြသံဃာတော်တွေ ဆန့်ကျင်ရှုပ်ချပွဲ ကျင်းပနေတာဟာ ဘုရားသား သံဃာတော်တွေကို စိန်ခေါ်နေတာဖြစ်တယ်လို့ ဦးဇင်းတို့ယူဆတယ်။

ဒါတွေအားလုံး ပြန်သုံးသပ်ကြည့်ရင် အထိနာဆုံးက ပြည်သူလူထုဘဲ။ ဘာလို့လဲဆိုတော့ – **“စစ်အုပ်စုကသေနတ်ကိုင်ပြီး ဘုန်းဘုန်းတို့မှာတော့ မေတ္တာနဲ့ထီးဘဲ ပိုင်တာကိုး”**။

ပြည်သူလူထုအတွက် စစ်အုပ်စုကို အံတုနိုင်မဲ့ခေါင်းဆောင်များများ ပေါ်ပေါက်ပါစေ။

သျှမ်းပြည်မြောက်ပိုင်းမှ
ခမ်းဆိုင်ခမ်း
နိုဝင်ဘာ ၁၂ ၂၀၀၇

# ဒေါ်စုကို တိုင်းရင်းသားတွေယုံကြည်

နအဖနဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံမှုကို ဒေါ်စုကိုယ်တိုင် စစ်မှန်တဲ့တွေ့ဆုံမှုဖြစ်လာမယ်လို့ ယုံကြည်ထားတယ်။ ကျနော်တို့ကလဲ သူမရဲ့ယုံကြည်ချက်အတိုင်းယုံကြည်ပါတယ်။ တကယ်ဆိုသူတို့နှစ်ယောက်ထဲမဟုတ်ဘဲကုလသမဂ္ဂအရာရှိတဦး ပါရင်ပိုကောင်းလိမ့်မယ်။ နှစ်ဦးနှစ်ဘက်ဆွေးနွေးပြီးတော့ သဘောတူထားခဲ့ရင် နောင်အခါမှာ ဒီထက်ခိုင်မာလာအောင် သူတို့လုပ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ နအဖဘက်က ဦးအောင်ကြည်၊ ပြည်သူလူထု ဒီမိုကရေစီဘက်တော်သားဘက်က ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ စကားပြောဖို့ ခြေလှမ်းတွေစလာတဲ့အပေါ်မှာ တိုင်းရင်း သား အင်အားစုတွေအနေနဲ့ အခုအခြေအနေဟာ အစပျိုးလေးဘဲရှိတဲ့အတွက် နောက်လိုအပ်တာတွေ ဆက်ဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ပူကျင့်ရှင်းထန်
BBC 14/11/2007

# စစ်အုပ်စု၏ အဓိကကျင့်စဉ် နှစ်ခု

၁၉ နှစ်တာ နဝတ/နအဖ လက်ထက်မှာ စစ်အာဏာရှင်ဗိုလ်သန်းရွှေတို့ အစဉ်တစိုက် တောက်လျှောက်စွဲကိုင်တဲ့ အဓိကရှောင်ရန် – ဆောင်ရန် ကျင့်စဉ် ၂ ခုဘဲရှိတယ်။

**ရှောင်ရန်** ❖ အမြဲတမ်းခံငြင်းဆန်၊ ဆင်ဖော့ရန်ရှောင် ခေါင်းခါပစ်ပယ်တာက၊ တွေ့ဆုံဆွေးနွေးရေး၊ နိုင်ငံရေးပြဿနာဖြေရှင်းရေး၊ တန်းတူထား လက်ခံစကားပြောရေး။

**ဆောင်ရန်** ❖ အမြဲလက်ခံကြိုဆို၊ မျှော်ကိုးတိုးမြှင့်၊ ကျင့်သုံးလိုက်နာ၊ ဖါထေးမွမ်းမံပြုပြင်၊ လိုချင်ခုံမင်တပ်မက်၊ တွယ်ဖက်စွဲကိုင်၊ ပိုင်ဆိုင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက် ထားတာက – ရေရှည်အာဏာဆက်လက်ခိုင်မြဲရေး။

ဒီဖြစ်အင်နှစ်ရပ်၊ တပ်အပ်သေချာ ဖြစ်ပါတယ်။

# ဗြိတိန်ဝန်ကြီးအား နန်းချမ်တောင်းသွားတွေ့

လူ့အခွင့်အရေးလှုပ်ရှားသူ နန်းချမ်တောင်းက ဗြိတိသျှ ပြည်ပဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး အလက်ဇန္ဒာနဲ့ လန်ဒန်မှာထိုင်းနယ်စပ်တလျှောက် လှုပ်ရှားနေကြတဲ့လူ့အခွင့်အရေးနဲ့ဒီမိုကရေစီလှုပ်ရှားမှုအဖွဲ့တွေ ထောက်ပံ့မှုနဲ့ပတ်သက်လို့ ရံပုံငွေတိုးမြှင့်ပေးတဲ့ အစီရင်ခံစာအပေါ်မှာဆွေးနွေးရတုန်းက ရှာပုန်း၊ ရှာရှောင် တိုင်းရင်းသားပြည်သူတွေရဲ့အရေးကိစ္စ တနေ့တခြား ကြီးထွားလာနေသလို အကူအညီပေးနေတဲ့ အဖွဲ့အစည်းတွေအနေနဲ့လည်း တာဝန်ပိုကြီးလာတဲ့ အကြောင်း ပြောပြတဲ့အတွက် မစ္စတာအလက်ဇန္ဒာအနေနဲ့ စိုးရိမ်မကင်းဖြစ်နေတဲ့အကြောင်း၊ ဒီကိစ္စကိုပြေလည်အောင် ကူညီဆောင်ရွက်ပေးမဲ့အစီအစဉ်လဲရှိကြောင်း ပြန်ပြောကြားပါတယ်။

အခုအခြေအနေအရ ရှာပုန်းရှာရှောင်ဒုက္ခသည်တွေအပြင် ပြီးခဲ့တဲ့စက်တင်ဘာအရေးအခင်း ဖိနှိပ်မှုရန်ကနေ ရှောင်ပြေးလာတဲ့လူတွေအတွက်ပါ နယ်စပ်ကလူ့အခွင့်အရေးအဖွဲ့တွေအဖို့ ပိုပြီးတော့တာဝန်ကြီးလာတယ်လို့ သူကဆိုပါတယ်။ ဒီကိစ္စကိုပါ ဝန်ကြီးမစ္စတာအလက်စန္ဒာက အကြေအလည်ဆွေးနွေးခဲ့အကြောင်း နန်းချမ်တောင်းက အခုလိုပြောပါတယ်။

"ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR ရဲ့အသိအမှတ်ပြုခြင်းမခံရသူတွေ၊ ကူညီထိုက်သူကို ကူညီစောင့်ရှောက်ပေးနေရသလို လတ်တလောအရေးအခင်းကြောင့် ရှောင်တိမ်းလာသူကိုလည်း လက်ခံစောင့်ရှောက်ရတဲ့ အပိုင်းရှိလာလို့ ဘေးကင်းတဲ့နားခိုစရာရော စားနပ်ရိက္ခာပါထောက်ပံ့ အကူအညီပေးရတဲ့အကြောင်း၊ ဒါ့ပြင် ရဟန်းသံဃာတော်နဲ့ ကျောင်းသားကျောင်းသူတွေ စစ်အစိုးရရဲ့ဖမ်းဆီးနှိပ်စက်မှုရန်က လွတ်ကင်းအောင်ထွက်ပြေးပုန်းရှောင်နေကြရလို့ သူတို့ကိုလက်ခံနိုင်မဲ့နိုင်ငံတွေနဲ့အဆက်အသွယ်လုပ်ပြီး ဒုက္ခသည်အဖြစ် အသိအမှတ်ပြုပေးရေး စတာတွေကို တင်ပြဆွေးနွေးခဲ့ကြောင်း" လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးလှုပ်ရှားသူ သျှမ်းအမျိုးသမီးများ လှုပ်ရှားမှုအဖွဲ့ SWAN မှ နန်းချမ်တောင်းက ဗြိတိသျှနိုင်ငံရပ်ခြားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဒေါက်တာအလက်ဇန္ဒာနဲ့တွေ့ဆုံပုံကို ရှင်းပြသွားတာဖြစ်ပါတယ်။

BBC 15/11/07 Dawn

မိုးမြင့်

# နအဖ ထောက်ခံပွဲ ဓါတ်ပုံရိုက်အမျိုးသမီး အချုပ်တည်နှင့် ငွေ ၁ သန်းဒဏ်ထိ

မိုးနဲမြို့ နအဖထောက်ခံပွဲ၌ ဓါတ်ပုံရိုက်သူ ဒေသခံအမျိုးသမီးတစ်ဦးအား ပြည်ပမီဒီယာ သတင်းထောက်ဟု နအဖ်အာဏာပိုင်များ၏ စွပ်စွဲခြင်းခံရပြီး အချုပ်တည်နှင့် ငွေကျပ် ၁ သန်းဒဏ်ရိုက်ခံရကြောင်း မိုးနဲဒေသခံများက ဆိုပါသည်။

အောက်တိုဘာလ ၁၂ ရက်က မိုးနဲ၌ ကျင်းပသော နအဖ၏ ညောင်နှစ်ပင်ညီလာခံ ထောက်ခံပွဲ၊ အခြေခံဥပဒေ ကြိုဆိုပွဲသို့ တက်ရောက်ရန် ဆင့်ဆိုခြင်းခံရသော မိုးနဲဒေသခံလူထုသည်၊ ထောက်ခံပွဲ၌ စက်တင်ဘာလက ပတ္တနိက္ကုဇ္ဇနကံဆောင် သံဃာတော်များ၊ ပြည်တွင်းပြည်ပ အတိုက်ခံအဖွဲ့အစည်းများ၊ RFA, BBC, VOA, DVB စသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုပ်ချသည့် ဆိုင်းဘုတ်များပါ ကိုင်ဆောင်ရသည်ဟုဆို၏။

ပွဲကျင်းပနေစဉ် မိုးနဲမြို့နယ် ပေါ်မိန်းရပ်ကွက်နေ ဦးလုံးမြင့်၊ ဒေါ်ပါဝို တို့၏သမီး နန်းယိင်း အသက် ၂၈ နှစ်သည် ဓါတ်ပုံရိုက်နေစဉ် ပြည်သူများကြားမှ အရပ်ဝတ်ဖြင့် ရဲသားတစ်ယောက်၏ ဖမ်းဆီးခြင်းခံရသည်ဟု မိုးနဲဒေသခံတစ်ဦးက ပြောပြသည်။

"ပြည်ပမီဒီယာ သတင်းထောက်ဖြစ်လို့ ဓါတ်ပုံရိုက်ယူတာဆိုပြီး နန်းယိင်းကို မိုးနဲရဲစခန်းမှာ ထောင်ချထားတယ်။ ပြီးတော့ အာဏာပိုင်တွေက သူ့မိဘကို ပိုက်ဆံကျပ်တစ်သန်းနဲ့ သွားထုတ်ခိုင်းတယ်။ မိဘတွေကလည်း ဆွေမျိုးတွေဆီမှာ ပိုက်ဆံ လိုက်လံချေးငှားပြီး နန်းယိင်းကို အောက်တိုဘာ ၁၃ ရက်နေ့မှာ သွားထုတ်လာခဲ့တယ်" ဟု ဆိုပါသည်။

၎င်းကဆက်၍ "သူ့ Camera က တရုတ်ဖြစ်ဘဲ။ တန်ဖိုးကျပ် ၈,၀၀၀ လောက်ဘဲရှိမယ်။ဘယ်လိုလုပ် ပြည်ပမီဒီယာ သတင်းထောက်ဖြစ်နိုင်မလဲ။ သူ့အတွက်သူ အမှတ်တရ ရိုက်ယူထားချင်တာပေါ့" ဟု ပြောပြသည်။

စက်တင်ဘာလက သံဃာတော်များဦးဆောင်၍ ကျောင်းသားများနှင့် ပြည်သူလူထုတို့မှ ဆန္ဒပြ သပိတ်မှောက်ခဲ့သည့်နောက်ပိုင်း နအဖစစ်အစိုးရသည် တုန်လှုပ်ခြောက်ခြားကာ မြို့နယ်တိုင်း၊ အမိန့်ဖြင့် ဗမာပြည်အနှံ့ ထောက်ခံပွဲများကျင်းပရာ ဒေသခံလူထုများကိုလည်း မတက်မနေရ ဆင့်ခေါ်ခဲ့သည်။ ❑

# သျှမ်းရိုးရာ အစဉ်အလာပွဲတော် နအဖ ဖျက်ဆီး

နမ့်ခမ်းမြို့ သီတင်းကျွတ်လပြည့်ကျော် ၂၀၀၇ ပွဲဆောင်းဆာမ် ကျင်းပရေးအတွက် ဂေါပကများ၊ ဘုန်းတော်ကြီးများနှင့်မြို့မိမြို့ဖများ အစည်း အဝေးကျင်းပရာ မယကဥက္ကဋ္ဌ က ပွဲကျင်းပစဉ် ပေါ် ပေါက်လာ မည့် ပြဿနာအတွက် တာဝန်ယူရန် အာမခံလက်မှတ်ထိုးခိုင်းသဖြင့် တာဝန်ယူဝံ့သူတစ်ယောက်မျှမရှိဘဲပွဲကျင်းပမည့် အစီအစဉ်ဖျက်သိမ်း လိုက်ရကြောင်း သျှမ်းပြည်မြောက်ပိုင်း သတင်းရပ်ကွက်က ဆိုသည်။

(နှစ်ပေါင်းရာချီ) မပြတ်ကျင်းပခဲ့သော သီတင်းကျွတ်လပြည့် ကျော် ၈ ရက်ပွဲဆောင်းဆာမ်ခေါ် ရပ်မိရပ်ဖ လူကြီးများကန်တော့ပွဲနှင့် လူငယ်များ ပျော်ပွဲရွှင်ပွဲကျင်းပရန်သင့်မသင့် အောက်တိုဘာ ၂၁ ရက် က အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ နမ့်ခမ်း မယက အပါအဝင်တက်ရောက်သူ ၁၀၀ ခန့်ရှိသည်ဟုဆို၏။

**"မယက ကပွဲကျင်းပတုန်း ပြဿနာတစ်စုံတစ်ခု ဖြစ်လာခဲ့ရင် ဘယ်သူတာဝန်ယူမလဲတဲ့။တာဝန်ယူမဲ့သူရှိရင် အာမခံ လက်မှတ်ထိုးပါ တဲ့။ သူတို့ဆိုလိုတာက တကယ်လို့ဗုံးပေါက်ကွဲမှုသို့မဟုတ် ဆန္ဒပြမှု တခုခုဖြစ်လာခဲ့ရင် ပွဲဖြစ်မြောက်ရေးကော်မတီကဘဲ တာဝန်ယူရမယ် ဆိုတဲ့သဘောဘဲ။ဒီတော့ ဘယ်သူမှလက်မှတ်မထိုးရဲကြဘူး"**ဟု နမ့်ခမ်း ဒေသခံတစ်ဦးက ပြောပြ၏။

၄င်းကဆက်၍ " ဒီနှစ်ပွဲမကျင်းပတော့ဘူးလို့ဘဲ ဆုံးဖြတ် လိုက်ရတာပေါ့။ ဗမာအာဏာပိုင်တွေက ယုံလို့မရဘူး။ ဒီလိုထပ်ပြီးခြိမ်း ခြောက်လိုက်တော့တကယ်ဖြစ်လာရင် တာဝန်ယူလက်မှတ်ထိုးထားတဲ့ သူကဘဲ အလကားခံရမှာ" ဟု ပြောသည်။

နမ့်ခမ်း၌ ပွဲမကျင်းပဖြစ်သော်လည်း တရုပ်ပြည်ထဲ ရွှေလီခေါ် မိုင်းမောဝ်မြို့ပစ်ခမ်းသျှမ်းဘုန်းကြီးကျောင်းတွင်မူ သီတင်းကျွတ်လပြည့် ကျော် ၈ ရက်၊ နိုဝင်ဘာ ၃ ရက်က ပွဲဆောင်းဆာမ်ကို အကြီးအကျယ် ကျင်းပခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောပြ၏။

"ရွှေလီမှာ ပွဲကျင်းပလာတာ ၄–၅ နှစ်ရှိပြီ။ ဒီနှစ်မှာ ဒေသခံ အာဏာပိုင်တွေကိုယ်တိုင် ငွေကြေးအကူအညီတော့ အကြီးအကျယ် ကိုကျင်းပတာ။ ဗမာစစ်အစိုးရနဲ့ တရုတ်အစိုးရ အုပ်ချုပ်ပုံချင်းက လုံးဝမတူဘူး။ ဒါပေမဲ့ လူမျိုးကြီးဝါဒချင်းတော့ အတူတူဘဲ "ဟုဆို၏။

သျှမ်းလူမျိုးတွေရဲ့ နေ့ကြီးနေ့မြတ်ပွဲတော်ကို နှစ်ပေါင်းရာနဲ့ချီ ကျင်းပလာနိုင်ခဲ့ပြီးတော့မှ ဒီနှစ်ကျမှဘဲ မကျင်းပဖြစ်ဘူးဆိုတော့ တော်တော်လေးကို နှမြောစရာ – ဝမ်းနည်းစရာကောင်းတယ်" ဟု သျှမ်းပြည်မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး ကပြော၏။

ပွဲဆောင်းဆာမ်ဟူသည်မှာ ရှေးပဝေသဏီ ရွှေလီမောသျှမ်း ပြည့်ရှင် ခေတ်ကတည်းက ကျင်းပလာခဲ့သော စော်ဘွားများနှင့် ရဲမြေ့ အရှင်သခင် ကန်တော့ပွဲဖြစ်သည်။ သျှမ်းဘာသာစကား ဆောင်းဆာမ် သည် ၂၃ ဟူ၍ အဓိပ္ပါယ်ရပြီး သီတင်းကျွတ်လဆန်း ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်အထိ (၁၅ + ၈ = ၂၃ ) ၂၃ ရက် မြောက်နေ့၌ ကျင်းပသောပွဲဖြစ်သည်။ စော်ဘွားများမရှိတော့သည့် ယနေ့ခေတ်တွင်မူ လူကြီးမိဘ၊ ဘိုးဘွားများအပြင်၊ ရဲမြေ့အရှင်သခင်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်များကို ပူဇော်ကန်တော့ကြသည့် သျှမ်း လူမျိုးများအတွက် နေ့ထူးနေ့မြတ်ဖြစ်သည်။ ❑

# ဘုန်းကြီးကျောင်းထဲအထိ နအဖ တပ်သားများ ယာဘဝင်ရောင်း

လဲချားအခြေစိုက် ခလရ ဖ၄ တပ်ခွဲ ၂ မှ ဗိုလ်ကြီးမြင့်စိန်သည် အောက်တိုဘာ ၂၆ ရက်၊ သီတင်းကျွတ်လပြည့်နေ့က ၄င်း၏တပည့် တပန်း၊ နောက်လိုက်စစ်သားများအားလဲချားမြို့အရှေ့ဘက် ဝမ့်မလန်းရွာ သီတင်းကျွတ်ပွဲဈေးခင်း၊ ရွာတွင်း၊ မုန့်ဆိုင်များ၌ ယာဘ စိတ်ကြွဆေးရောင်းခိုင်းရာ ယာဘစွဲသူ ဒေသခံလူထုများ ပိုမိုများပြား လာသည်ဟု သျှမ်းပြည်တောင်ပိုင်းသတင်းရပ်ကွက် ကဆိုပါသည်။

"သူများတွေရောင်းဈေးက ဆေးတပြား ၁၅၀၀–၂၀၀၀ ကျပ်။ သူတို့ကတော့ အိတ်ကပ်ထဲထည့်ပြီး တစ်ပြား ၁၀၀၀ ကျပ်နဲ့လှည့် ရောင်းနေတာဘဲ။သူတို့ရောင်းနေတဲ့ ယာဘတွေကျတော့ လက်လီ အရောင်းသမားတွေဆီကဖမ်းလို့ရလာတဲ့ဟာ၊ ဗိုလ်မှူးကြီးမိုင်းစင့် အဖွဲ့ဆီက ရလာတဲ့ဟာတွေလဲပါတယ်။ ဒါကြောင့်ဈေးပေါပေါနဲ့ ရောင်း နိုင်တာပေါ့" ဟု လဲချားဒေသခံတစ်ဦးကဆို၏။

၄င်းတို့ရောင်းပေးသော စိတ်ကြွဆေးပြားများ ဝယ်သောက် ပါက ဖမ်းဆီးမည်မဟုတ်၊ သို့သော် မြို့တွင်းသို့ယူမသွားရ။ ထို့အတူ ပြင်ပမှလာရောင်းသူထံမှလည်း ဝယ်မသုံးရ၊ သို့မဟုတ်ပါက ဖမ်းဆီး မည်ဖြစ်ကြောင်း ဝယ်သုံးသည့်ရွာသားများအား ခြိမ်းခြောက်ပြောဆို လိုက်သေးသည်ဟုဆိုသည်။

အဆိုပါဒေသခံကဆက်၍ "အခုတလော လဲချားအရှေ့ဘက် တဝိုက် ကျေးရွာက လူငယ်၊ လူလတ်တော်တော်များများ ယာဘပိုသုံးစွဲ လာကြတယ်။ ပြီးခဲ့တဲ့ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်က မလန်း ရွာသား စိုင်းဝိဇေယ(အသက် ၃၇ နှစ်) နဲ့စိုင်းနာရဒ(အသက် ၄၀ နှစ်) ယာဘဆေးမူးပြီး တောထဲထွက်ပြေးသွားတယ်။ ထွက်သွားတုန်းက အဝတ်အစားအပြည့်နဲ့။ ၃–၄ ရက် ပျောက်သွားပြီး အိမ်ပြန်ရောက် တော့ ကိုယ်မှာအဝတ်အစား ပါမလာတော့ဘူး၊ ပင်တီဘဲကျန်တယ်တဲ့၊ သားမယားရှိအိမ်ထောင်ဦးစီးက အဲလိုဖြစ်တော့ မိသားစုတွေ ဒုက္ခ ရောက်တာပေါ့" ဟုပြောပြ၏။

လဲချား ခလရ ဖ၄ မှ ဗိုလ်ကြီးမြင့်စိန်ဦးစီးသည့် တပ်ခွဲ ၂ သည် လဲချားမြို့နယ်၊ မြို့အရှေ့ဘက် ၅ မိုင်ခန့်အကွာ ဝမ့်မလန်းရွာအနီး နမ့်တိန်းချောင်းဘေး၌ စခန်းချ ဂိတ်စောင့်သည့်အဖွဲ့ ဖြစ်သည်။ ❑

# အတုအယောင် တဇွတ်ထိုး မူကြမ်းရေး ကော်မရှင်



ဗိုလ်မှူးကြီးခွန်ဥက္ကာ

Photo : SHAN

အောက်တိုဘာလ ၁၈ ရက်က အဖွဲ့ဝင် ၅၄ ယောက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် ဖွဲ့စည်းကြောင်း ကြေငြာလိုက်တာဟာ စစ်အစိုးရချမှတ်ထားတဲ့စည်းမျဉ်းကို ကိုယ်တိုင် ဖောက်ဖျက်ပြီး အမှားတခု ထပ်မံကျူးလွန်လိုက်တာဖြစ်တယ်လို့ ပြည်ပ အခြေစိုက် ဥပဒေပညာရှင်နဲ့တိုင်းရင်းသားခေါင်းဆောင်များက သုံးသပ်ပါတယ်။

မြန်မာနိုင်ငံ ရှေ့နေများကောင်စီ BLC အတွင်းရေးမှူး ဦးအောင်ထူး က–

"အမျိုးသားညီလာခံ စတင်အကောင်အထည်ဖေါ် ကတည်းကိုက ၁/၉၀ နဲ့ဆန့်ကျင်တယ်။ ၁/၉၀ အပိုဒ်(၂၀)အရ ၁၉၉၀ မေ ရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခြင်းခံထားရတဲ့ပုဂ္ဂိုလ်တွေရဲ့ တာဝန်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့သာဖြစ်တယ်လို့ အတိအလင်း ပြဋ္ဌာန်းထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရမယ့် ပုဂ္ဂိုလ်တွေဟာ လွှတ်တော်ကိုယ်စားလှယ်တွေပဲ ဖြစ်ရမယ်။ ဒုတိယ အချက်က အဲဒီအချက်ကိုလေးစားတယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ အမျိုးသားညီလာခံ ခေါ်ကတည်းကိုက လွှတ်တော်ကိုယ်စားလှယ်တွေကိုသာ ခေါ်ခွင့်ပေးရမှာဖြစ်တယ်။ အခြားပုဂ္ဂိုလ်တွေပါလို့မရဘူး။ အခြားပုဂ္ဂိုလ်တွေပါစေချင်တယ်ဆိုရင် ၁/၉၀ ကို နအဖက အရင်ဆုံးဖြတ်ဖို့လိုတယ်။သို့သော်၁/၉၀ကိုမဖျက်ဘဲနဲ့အမျိုးသားညီလာခံ ဆက်ကျင်းပသွားတာကိုက ၁/၉၀ အပိုဒ် ၂၀ နဲ့ဆန့်ကျင်တာဖြစ်တယ်။တတိယအချက်က ဖွဲ့စည်းပုံဥပဒေအခြေခံမူတွေကိုချပြီးတဲ့အခါလဲပဲ ဒီမူတွေအတိုင်း အခြေခံဥပဒေတရပ်အဖြစ် အသွင်ပြောင်းတော့မယ်ဆိုရင် ၁/၉၀ အပိုဒ် ၂၀ အရလွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်သာဖြစ်တာကြောင့် အဲဒါကိုလုံးဝဥပက္ခာပြုပြီး သူနည်းသူ့ဟန်နဲ့ ဆက်ဆွဲတဲ့ပုဂ္ဂိုလ်ကတော့ လက်ရှိတည်ဆဲဥပဒေနဲ့ရော ဖြစ်သင့်တာနဲ့ရော လုံးဝမကိုက်ညီဘူးလို့ ကျနော်တို့ပြောလိုတယ်။"

"ကိုယ့်တိုင်းပြည်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတဲ့ကိစ္စမှာ လူထုရဲ့ပါဝင်ပတ်သက်မှုက အရေးကြီးဆုံး ဖြစ်ပါတယ်။ အဲဒါနဲ့ဆန့်ကျင်ပြီး လူထုပါဝင်နိုင်မှုကို နအဖတို့စနစ်တကျငြင်းပယ်နိုင်ဖို့ ၅/၉၆ ကို ထပ်ပြဋ္ဌာန်းတယ်။ အခြေခံဥပဒေရေးဆွဲဖို့ ကြိုးစားတဲ့အဖွဲ့အစည်းတွေ ပုဂ္ဂိုလ်တွေကို ထောင်ဒဏ် အနှစ် ၂၀ ချမယ်ဆိုတဲ့ ဥပဒေရှိနေတာက စစ်မှန်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ် ပေါက်ရေးကိုလုံးဝပိတ်ပင်ဟန့်တားထားတာဖြစ်တယ်။ဘယ်တိုင်းပြည်မှာမှ ဒီဥပဒေမျိုးမရှိဘူး။ ဒါကြောင့် ဒီအခြေခံအောက်မှာ ဘယ်လိုနည်းနဲ့မှ စစ်မှန်တဲ့ဖွဲ့စည်းပုံအခြေခံ ဥပဒေကောင်းတရပ်ပေါ် မလာနိုင်ဘူး။"

သျှမ်းပြည်ဖွဲ့စည်းပုံ မူကြမ်းရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်လည်းဖြစ်၊ပအို့ဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ PPLO ဥက္ကဋ္ဌလည်းဖြစ်တဲ့ ဗိုလ်မှူးကြီးခွန်ဥက္ကာကတော့ –

"ဦးတည်ချက် ၆ ချက် အသေးစိတ်အခြေခံရမဲ့ ၁၀၄ ချက်တွေထွက်လာပြီးကတည်းက လုပ်ထုံးလုပ်နည်းနဲ့အညီမဟုတ်ဘူး။ အခြေခံဥပဒေမူကြမ်းတရပ်ရေးဆွဲရမယ့် လုပ်ငန်းစဉ်နဲ့လည်း မကိုက်ဘူး။ ဒီ Processကမှားနေတော့ ဘယ်ကိုမှဦးမတည်ဘူး။စစ်အုပ်ချုပ်ရေးတရားဝင်ဖြစ်ဖို့ပဲ ဦးတည်နေကတည်းကိုက လွဲမှားနေပြီ။အခုဦးအောင်တိုးဥက္ကဋ္ဌဖြစ်တဲ့ Drafter တွေကမွမ်းမံဦးတော့ Drafter သနပ်ခါးလိမ်းပန်းပန် တာပဲရှိမယ်။ မူလအခြေခံကိုကမှားနေလို့ကောင်းတဲ့ ဖွဲ့စည်းပုံဖြစ်လာစရာ အကြောင်းမရှိဘူး"

ဖယ်ခုံမြို့နယ်ကယန်းအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခွန်မားကိုဘန်းက –

"တိုင်းပြည်ရဲ့ မူလ အာဏာပိုင်ရှင်အစစ်အမှန်ဟာ ပြည်သူလူထုဖြစ်တယ်။ လူထုက ၁၉၉၀ မှာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ယုံကြည်စွာအာဏာလွှဲအပ်ထားပြီးသားဖြစ်တယ်။ဒါတွေကို နအဖက လုံးဝဆန့်ကျင်တဲ့အတွက် ပြည်သူလူထုတရပ်လုံးကို စော်ကားလိုက်ခြင်းဖြစ်တယ်။ ဒါကြောင့်ညီလာခံပဲဖြစ်ဖြစ်၊ ရေးဆွဲရေးကော်မရှင် ၅၄ ဦးပဲဖြစ်ဖြစ်၊ အားလုံးအတုအယောင်ပဲဖြစ်တယ်။ ဒါကို ပြည်သူလူထုရော နိုင်ငံတကာပါ လက်ခံနိုင်မှာမဟုတ်ဘူး။ တွေ့ဆုံဆွေးနွေးရေးကို ကျော်ခိုင်းတဲ့ တဇွတ်ထိုးလုပ်ရပ်တခု ဖြစ်တယ်လို့ ကျနော် မြင်ပါတယ်။"

"လွတ်လပ်ရေးရပြီးချိန်မှာကျင့်သုံးခဲ့တဲ့ ၁၉၄၇ အခြေခံဥပဒေဟာ ပင်လုံသဘောတူညီချက်ဖြစ်တဲ့ တိုင်းရင်းသားတန်း တူညီမျှရေး မရှိတာကြောင့် ပြည်တွင်းစစ် အရှိန်မြင့်မားခဲ့တယ်။ နောက် ၁၉၇၄ ဥပဒေဟာ ဒီမိုကရေစီမဖြစ်တာကြောင့် ၁၉၈၈ မှာလူထုအရေးတော်ပုံကြီးပေါ် ပေါက်ခဲ့ရတယ်။ ဒါကြောင့်နောက်ရေးဆွဲမယ့် အခြေခံဥပဒေဟာလဲ အရင်အခြေခံဥပဒေရဲ့အားနည်းချက်တွေအပေါ် မှာ သင်ခန်းစာယူသင့်တယ်။"

အောက်တိုဘာ ၁၉ ၂၀၀၇ VOA ညပိုင်း

# ဘုရားမွမ်းမံဖို့ ရံပုံငွေအတွက် လောင်းကစားဝိုင်း ဖွင့်ခွင့်ပြု

သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံတွင် စစ်အာဏာပိုင်တို့ ဒါနပြု တည်ဆောက်ထားသော ရပ်တော်မူဘုရား ဘက်စုံပြုပြင်မွမ်းမံရေး အတွက် ရံပုံငွေရှာရန် တြိဂံစစ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က လောင်းကစားဝိုင်းဖွင့်ခွင့်ပေးကြောင်း ဒေသခံများက ဆိုပါသည်။

တြိဂံစစ်တိုင်းမှူးသည် ၂၀၀၆ နှစ်ဦးပိုင်းမှစ၍ လောင်းကစားဝိုင်း ဖွင့်ခွင့်ပိတ်ပင်ကာ၊အမိန့်လွန်ဆန်သူအား ကြီးလေးသောပြစ်ဒဏ် ကျခံ ရမည်ဟု ဆို၏။ သို့သော် စစ်အာဏာပိုင်များ ကမကထပြုလှူဒါန်းထား သော ဇွမ်ဆတ်တောင်ကုန်းပေါ်ရှိ ရပ်တော်မူဘုရား ပြန်လည်မွမ်းမံ တည်ဆောက်ရန် ရံပုံငွေလိုအပ်နေသဖြင့် ကျိုင်းတုံမြို့အရှေ့တောင် ဘက် ၆ မိုင်ခန့်အကွာ ကတ်ဖှအုပ်စု ဝမ့်ကျိန်းဆဲန်ရွာတွင် ပြီးခဲ့သည့် အောက်တိုဘာ ၁၀ ရက်ကစ၍ လောင်းကစားဝိုင်းဖွင့်ခွင့်ပေးလိုက်သည် ဟု ဆိုပါသည်။

"ကစားဝိုင်းဖွင့်ဖို့ ခအဖ၊ မအဖကို တိုင်းမှူးက အကြံပေးတယ် တဲ့။ မအဖ ကနေတဆင့် စိုင်းခမ်းဆိုင်ကို လုပ်ခိုင်းတယ်။ စိုင်းခမ်းဆိုင် ဆိုတာက တိုင်းမှူးမိသားစုဝင်ငွေအတွက် အကြံဉာဏ်ပေးတဲ့လူလေ။ တိုင်းမှူးနဲ့တော်တော်လေး ရင်းနှီးတယ်" ဟု ကျိုင်းတုံ ဒေသခံတစ်ဦးက ပြောပြသည်။

လောင်းကစားဝိုင်းကန်ထရိုက်တာ စိုင်းခမ်းဆိုင်သည် ကတ်ဖှ အုပ်စု ပြည်သူ့စစ်အဖွဲ့အား တစ်နေ့ကျပ် ၁၀,၀၀၀ အပြင် တပ်တိုင်း၊ ဗျူဟာ၊ တပ်ရင်းနှင့် ခအဖ၊ မအဖအဖွဲ့အသီးသီးသို့လည်းတစ်ဖွဲ့ ကျပ် ၁၀,၀၀၀ ထက်မနဲ ပေးရသည်ဟုဆိုသည်။

၄င်းကဆက်၍ "လောင်းကစားဝိုင်းကရလာတဲ့ ငွေတွေ ဌာန ဆိုင်ရာတွေကို ဝေငှနေရတော့ ကျန်ငွေက ဘုရားပြုပြင်ဖို့အတွက် မ လောက်မှာမဟုတ်ဘူး။ ကန်ထရိုက်တာအတွက်လည်း ချန်ရသေးတာ ကိုး။ လောင်းကစားဝိုင်းလည်း မနှစ်ကပိတ်တယ်။ အခု ပြန်ခွင့်ပြုတယ်။ သူတို့ ဖြစ်ချင်တိုင်း ပြည်သူတွေကို အရူးလုပ်နေ ကြတယ်" ဟုပြောပြသည်။

လောင်းကစားဝိုင်းများဖွင့်သည်နှင့် နအဖစစ်သားများ၊ ရဲများနှင့် ရွာသားများ၊ ဘုန်းကြီးများပါမကျန် အလုပ်ပျက် အကိုင်ပျက် နေ့ရော ညပါသွားကစားသဖြင့် လောင်းကစားဝိုင်းမှာ စည်ကားလျှက် ရှိသည်ဟု သိရပါသည်။ လောင်းကစားဝိုင်းကန်ထရိုက်တာ စိုင်းခမ်းဆိုင် သည် ကျိုင်းတုံမြို့အရှေ့ဘက် ဝမ့်ဝိန်းမိုင်ရွာ၌ နေထိုင်သူဖြစ်သည်။❑

# MTA ဥက္ကဋ္ဌဟောင်း ဦးခွန်ဆာ အနိစ္စရောက်




Photo : SHAN

၁၉၉၆ နှစ်ဦးပိုင်းက စစ်အစိုးရထံ လက်နက်ချခဲ့သော **MTA** မုန်တိုင်းတပ်မတော် စစ်ဦးစီးချုပ်ဟောင်း ဦးခွန်ဆာ အသက် ၇၃ နှစ် သည် သွေးတိုး၊ ဆီးချို၊ လေဖြတ်ရောဂါဖြင့် အောက်တိုဘာ ၂၈ ရက် က ကွယ်လွန်သွားကြောင်း၊ရပ်အလောင်းကို မြောက်ဥက္ကလာပ ရေဝေး သုသာန်၌ အောက်တိုဘာ ၃၀ ရက် ယနေ့မနက် ၁၁ နာရီ မီးသင်္ဂြိုလ် ကြောင်း ရန်ကုန်သတင်းရပ်ကွက်က ဆိုပါသည်။

ဟိုမိန်းဌာနချုပ်၌ စစ်အစိုးရထံ အကြွင်းမဲ့လက်နက်ချပြီး နောက်ပိုင်း သွေးတိုး၊ ဆီးချို၊ လေဖြတ်ရောဂါစွဲကပ်လာသဖြင့် ၁၀ နှစ် ခန့် ရောဂါခံစားခဲ့ရသည်။ ဩဂုတ်လနှောင်းပိုင်းတွင် မင်္ဂလာဒုံစစ် ဆေးရုံ၌ နောက်ဆုံးအကြိမ်တပါတ်ခန့်အကြာ တက်ရောက်ကုသမှုခံ ယူပြီး ရောဂါအနည်းငယ်သက်သာလာသော်လည်း နေအိမ်သို့ ပြန်ခွင့် မရဘဲ အောက်တိုဘာ ၂၈ ရက် ကွယ်လွန်အနိစ္စရောက်ချိန်အထိ ရန်ကုန် စစ်ထောက်လှမ်းရေး စောင့်ရှောက်မှုအောက်တွင် နေခဲ့ရသည်။

ဦးခွန်ဆာ ခေါ် ကျန်းစီဖူးသည် ၁၉၃၄ ဖေဖော်ဝါရီလ ၁၇ ရက် တွင် အဖခွန်အိုက်နှင့် အမိ နန်းဆိုင်ဇုမ်တို့မှ သျှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့နယ် လွယ်မော်အုပ်စု ဖာဖင့်ရွာတွင် မွေးဖွားသည်။ ခွန်ဆာ နှင့်ခွန်ငို့တို့ဦးစီးသည့် လွယ်မော်ကာကွယ်ရေးတပ်ကို ၁၉၆၀ ခု ဇန်နဝါရီလ ၆ ရက်တွင်စတင်တည်ထောင်ခဲ့၏။ ၁၉၆၄ ဂျွန်လ ၁၅ ရက် တွင်တောခို၍ ဗိုလ်တေဝိန် ဦးစီးသည့်တပ်နှင့်ပူးပေါင်းပြီး **SUA** သျှမ်းညီ ညွတ်ရေးတပ်ဖွဲ့ကို တည်ထောင်ခဲ့၏။ ၁၉၆၇ ဂျူလိုင် ၆ မှ ၉ ရက်နေ့ အထိ ရွှေတြိဂံဒေသတွင် ခွန်ဆာ၏ လွယ်မော် ကာကွယ်ရေးတပ်ဖွဲ့နှင့် တရုပ်ဖြူ **KMT** တပ်ဖွဲ့တို့ ကမ္ဘာကျော် ရွှေတြိဂံဘိန်းစစ်ပွဲ ဖြစ်ပွါးစဉ် လောနိုင်ငံအစိုးရက လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်တော့မှ ခွန်ဆာနှင့် **KMT** တပ်တို့အသေအပျောက်များပြားစွာဖြင့် တိုက်ပွဲပြီးဆုံးသွားခဲ့ သည်။၁၉၈၅မတ်လ ၃ ရက်ခွန်ဆာဦးစီးသည့် **SUA** သည် စဝ်ဂွဏ်းဇိန်း ဦးဆောင်သော၁၉၈၄ ဧပြီလ ၁ ရက်က ( **SURA** နှင့်တောင်ပိုင်း **SSA**

စာမျက်နှာ 39 သို့

# ဝ အမျိုးသားခေါင်းဆောင်ကြီး တာ့မဟာဆန်း ကွယ်လွန်



ဝ အမျိုးသား တပ်မတော် ခေါင်းဆောင် တာ့မဟာဆန်းသည် အောက်တိုဘာလ ၂၉ ရက် မနက် ၁ နာရီက အဆုတ်ရောဂါဖြင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ပါငဲ့ဆေးရုံ၌ ကွယ်လွန်သွားပါသည်။

အသက် ၆၂ နှစ်အရွယ် ဝခေါင်းဆောင် မဟာဆန်း၏ ရုပ်အလောင်းအား ချင်းမိုင် ဝတ်ထဲ့ါကဒတ် ကျောင်းတိုက်သို့ပို့ဆောင်ထား၍ ၅–၆ ရက်ခန့်တရားနာအလှူအဒါန်းပြုပြီးနောက် နိုဝင်ဘာ ၄ ရက်နေ့လည် ၁ နာရီအချိန်တွင် ဝတ်ထဲ့ါကဒတ် ကျောင်းတိုက်မှ စဝ်ဆိုင်စစ် (ခွန်ကြာနု) အား မီးသင်္ဂြိုလ်သည့် သုသာန်ပြသဒ်သို့ သယ်ဆောင်မီးသင်္ဂြိုလ်လိုက်သည်ဟု ၎င်း၏ ဇနီးကပြောပြသည်။

"တာ့မဟာဆန်းရဲ့ လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေအပေါင်းအသင်းအားလုံး သူ့ရဲ့ အသုဘအခမ်းအနားကို လာရောက်ပို့ဆောင်ကြဖို့ကျမဖိတ်ခေါ်ခဲ့တယ်။ ဒါပေမဲ့ ကျမမှာ ဗမာစကားမပြောတတ်တဲ့ အားနည်းချက်ရှိပါတယ်။ မိတ်ဆွေများအားလုံး ကျမကို ခွင့်လွှတ်နားလည်ပေးကြလိမ့်မယ်လို့ ကျမမျှော်လင့်ပါတယ်"ဟု အသက် ၅၈ နှစ်အရွယ် နန်းကြာနု ခေါ် လီယဉ်ရှင်းက ပြောသည်။

ရင်ကျပ်ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ အာရုံကြောအားနည်းရောဂါတို့ကြောင့် လွန်ခဲ့သည့် ၂ လကတည်းက ချင်းမိုင် ထောင်ကြီးမှ နခွန်းဖင်းဆေးရုံ (သို့) ပါငဲ့ဆေးရုံသို့ ပြောင်းရွှေ့ကုသမှုခံယူခဲ့သည်ဟု ဆို၏။

ကွယ်လွန်သူ ဝ ခေါင်းဆောင် မဟာဆန်းသည် မူးယစ်ရာဇဝတ်ရောင်ကန်းနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးရောင်းဝယ်မှုစွဲချက်ဖြင့် ထိုင်းနိုင်ငံချင်းမိုင်မြို့ ဆန်ဆိုင်းရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ယခုနှစ် မတ်လ ၆ ရက်ကထပ်မံအဖမ်းခံခဲ့ရပြန်သည်။ ၂၀၀၅ ဂျူလိုင်တွင်တစ်ခါ အဖမ်းခံရပြီး ပြန်လွတ်လာခဲ့သည်။ ရုံးတက် အမှုစစ်ဆေးစဉ် ကွင်းလုံးကျွတ်ကင်းလွတ်ခါနီး၊ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်က နယ်ခြားစောင့်

# ဝ အမျိုးသားအဖွဲ့ချုပ် ဥက္ကဌကြီး တာ့မဟာဆန်း

## ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်

| | | |
|---|---|---|
| **အခြားအမည်** | – | ခွန်အိုက်ဆန်းဖေါင်း |
| **မွေးနေ့** | – | ၁၄၊ ၁၀၊ ၁၉၄၆ |
| **မွေးရပ်** | – | ဝိန်းငင်း ဝ စော်ဘွားနယ် |
| **မိဘ** | – | ဝိန်းငင်းစော်ဘွား တာ့ဖေါင်းခေါ် စဝ်ဆိုင်မိန်းခမ်း နှင့် စဝ်နန်းလူ |
| **မွေးချင်း** | – | ၄ ယောက် (နန်းအောင်၊ ခွန်မောင်၊ ခွန်ကော် နှင့် နန်းဇမ်ပါ) |
| **အိမ်ထောင်** | – | နန်းကြာနု နှင့် ၁၉၆၈ တွင်အိမ်ထောင်ပြု |
| **သားသမီး** | – | ၄ ယောက်ထွန်းကား |
| **ပညာရေး** | – | တရုပ်စာနှင့် ရှမ်းစာတတ်မြောက် |
| | | |
| **၁၉၆၄** | – | ထိုင်းနိုင်ငံချိန်းရိုင်းခရိုင် မယ်ဆလောင်း၌ စစ်ပညာသင်ကြားခဲ့ |
| **၁၉၆၆** | – | ဝိန်းငင်းတပ်ဖွဲ့၏ ဒု တပ်မှူးအဖြစ်ခန့်အပ်ခံရ |
| **၁၉၆၇** | – | နောင်တော် စဝ်မဟာခေါင်ကွယ်လွန်ပြီး နောက် စော်ဘွားအရိုက်အရာခံယူ |
| **၁၉၆၈** | – | ဝ နယ်ကျူးကျော်ဝင်ရောက်လာသော ဗမာပြည်ကွန်မြူနစ်ပါတီအား ခုခံတွန်းလှန် |
| **၁၉၇၁** | – | သံလွင်မြစ်အနောက်ဖက်ကမ်း တန့်ယန်းမြို့နယ်သို့ ဌာနချုပ်ရွှေ့ပြောင်း |
| **၁၉၇၃** | – | လက်နက်ချရန် မဆလအစိုးရက အကျပ်ကိုင်သဖြင့် လက်နက်ကိုင်တော်လှန်ရေး စတင်ဆင်နွှဲ |
| **၁၉၇၆** | – | ဝ အမျိုးသားအဖွဲ့ချုပ် (WNO) နှင့်ဝ အမျိုးသားတပ်မတော် (WNA) ဦးဆောင်ဖွဲ့စည်း |
| **၁၉၇၈** | – | ညီညွတ်သော သျှမ်းပြည်တော်လှန်ရေး တပ်မတော်(SURA)နှင့် ပူးပေါင်း |
| **၁၉၈၀** | – | မယ်အောနယ် လွိုင်ဝဟော့တွင် ဌာနချုပ် ဖွင့်လှစ်၍ ဖာ့ပိုလ်ကန်းဆေနှင့် အိုင်ဆယောင်းဆေတို့ ဦးဆောင်သည့် ဝအဖွဲ့များဖြင့် ညီညွတ်ရေး တည်ဆောက် |
| **၁၉၈၃** | – | အမျိုးသားဒီမိုကရေစီတပ်ဦး (NDF) အဖွဲ့ဝင် |
| **၁၉၈၉** | – | UWSA ဌာနချုပ်ပန်ဆန်းသို့ မဒတ (NDF) ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သွား၊ UWSA ၏အထင်မှားမှုကြောင့် အထိန်းသိမ်းခံရ၊ နှစ်လကြာမှ ထွက်ပြေးလွတ်မြောက်လာ။ |

ထိုင်းရဲတပ်ဖွဲ့အား ၄င်း၏တပ်ဖွဲ့အပေါ် အမိန့်ပေး ပစ်သတ်ခိုင်းသည့် အမှုဖြင့် ပြန်လည်စွဲချက်တင်ခံရသဖြင့် ကွယ်လွန်ချိန်အထိ ဆက်လက် ဖမ်းဆီး ထောင်ချခြင်းခံခဲ့ရသည်။

မဟာဆန်းအဖမ်းခံခဲ့ရပြီးနောက်ပိုင်း ထိုင်းနိုင်ငံမယ်ဟောင့်ဆွန် ခရိုင်၊ဝမ့်ရတ်ထိုင်းရွာနှင့် မျက်နှာချင်းဆိုင်လွယ်ဝဟော့တပ်စခန်းမှ ၄င်း၏ ဝအမျိုးသားတပ်မတော်တာဝန်များကို ဒုဗိုလ်မှူးကြီး ဗိုလ်တိုက်မိန်းက ထမ်းဆောင်လာခဲ့သည်မှာ လွန်ခဲ့သည့်နှစ် ကတည်းကဖြစ်၏။ WNA ဝအမျိုးသားတပ်မတော်သည် ကရင်အမျိုးသားအစည်းအရုံး KNU ကယားအမျိုးသားတိုးတက်ရေးပါတီ KNPP တို့ပါဝင်သော NDF National Democratic Front အမျိုး သားဒီမိုကရက်တစ်တပ်ဦး၏ အဖွဲ့ဝင်လည်းဖြစ်သည်။

တာ့မဟာဆန်းသည် ၁၉၄၆ ခုနှစ်က ပန်ဆန်းမြို့မြောက်ဘက် ဝိန်းငင်းမြို့စော်ဘွား အဖ တာ့ဖောင်းနှင့် အမိ နန်းလူတို့မှ မွေးဖွားသည့် သားဦးဖြစ်သည်။ တာ့မဟာဆန်းဦးဆောင်သည့် ဝ အမျိုးသားအဖွဲ့ WNA ၊ဝ တပ်မတော် WNO ၏မူလအခြေခံမူအချို့မှာ (၁) ကွန်မြူနစ် စနစ်ဆန့်ကျင်ရေး၊ (၂) နအဖစစ်အစိုးရနှင့် အပစ်အခတ်မရပ်စဲရေးတို့ ဖြစ်ပါသည်။ PSLF အတွင်းရေးမှူး မိုင်းအိုက်ဖုန်းသည် တာ့မဟာဆန်း ၏ သမီးထွေးနှင့် အိမ်ထောင်ကျသည်။ ယခုအခါ ဇနီးနန်းကြာနု ခေါ် လီယဉ်ရှင်းနှင့် သမီးသုံးယောက် ကျန်ရစ်သည်။ ❑

| | | |
|---|---|---|
| ၁၉၉၄ | – | မဒတ (NDF) ဒု ဥက္ကဋ္ဌ အဖြစ်ရွေးကောက်ခံရ |
| ၁၉၉၈ | – | ပအိုဝ်း၊ပလောင်၊လားဟူ၊သျှမ်းတပ်ဖွဲ့များ နှင့်ပူးပေါင်း၍ ညီညွတ်သောအမျိုးသားပေါင်းစုံ သျှမ်းပြည်တပ်မတော် (UNSSA) ဖွဲ့စည်း |
| ၂၀၀၀ | – | သျှမ်းပြည်အခြေခံဖွဲ့စည်းပုံဥပဒေမူကြမ်းရေး ဆွဲရေး ကော်မရှင် (SSCDC) ပါဝင်ဖွဲ့စည်း |
| ၂၀၀၁ | – | ရောဂါကြောင့် ဆေးရုံတက်ခွဲစိတ်ကုသမှုခံယူ |
| ၂၀၀၇ | – | ၂၉၊ ၁၀၊ ၀၇ အဆုတ်ဆို့ကျပ်မှုရောဂါဖြင့် ကွယ်လွန် ❑ |


Photo : SHAN



ဆောင်းပါး

# တိုင်းရင်းသားပြဿနာကြောင့် မြန်မာနိုင်ငံ ပြိုကွဲမှာလား

တိုင်းရင်းသားလူမျိုးစုပြဿနာကြောင့် မြန်မာနိုင်ငံ တကယ်ပြိုကွဲနိုင်မဲ့အန္တရာယ်ကို အိမ်နီးချင်းနိုင်ငံတွေ စိုးရိမ်နေကြကြောင်း လက်ရှိ အာဆီယံဥက္ကဋ္ဌ စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ယိုးက ဖေါ်ထုတ်ခဲ့လို့ ဖြစ်ပါတယ်။

“ကြားလိုက်တဲ့အပေါ်မှာ အကြီးအကျယ်စိတ်ပျက်မိပါတယ်။ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားပြဿနာကို အသေအချာမလေ့လာဘဲနဲ့ လက်လွတ်စပါယ်ပြောတယ် လို့ဘဲယူဆတယ်။ ဖြစ်တဲ့ပြဿနာက သမိုင်းကြောင်းပေါ်မှာအခြေခံပြီးတော့ တိုင်းရင်းသားတွေ ရသင့်ရထိုက်တဲ့အခွင့်ရေး တောင်းတဲ့အပေါ်မှာ အဓိပ္ပါယ်နားလည်မှုလွဲမှား ဖွင့်တယ်လို့ဘဲ ယူဆပါတယ်။ တိုင်းရင်းသားပြဿနာဟာ စစ်မှန်စွာဖြေရှင်းလို့ရတယ်။ ဖြေရှင်းနိုင်တဲ့ ပြဿနာဖြစ်တယ်။ ပြိုကွဲနိုင်တဲ့အကြောင်း မရှိဘူးလို့ မြင်ပါတယ်။”

“တိုင်းရင်းသားတွေကြားမှာ တန်းတူအခွင့်အရေးကို နိုင်ငံရေးအရ ပေးရမဲ့ (ပင်လုံစာချုပ်ကိုအခြေခံပြီးတော့ ပေးရမဲ့) တန်းတူအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေးရေးပြဿနာက ဆက်ရှိနေတယ်။၁၉၄၇ အခြေခံဥပဒေမှာလဲ တန်းတူအခွင့်အရေးဖေါ်ဆောင်တဲ့အခါမှာ အားနည်းချက်တွေရှိခဲ့တယ်။ ပိုဆိုးတာက ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေက ပိုဆိုးသွားတယ်။ မဆလ တပါတီစနစ်အောက်မှာ တန်းတူအခွင့်အရေးကို အခြေခံပြီးဖေါ်ထားတဲ့ လွှတ်တော် ၂ ရပ်တောင်မရှိတော့ဘူး။ အခု နအဖအမျိုးသားညီလာခံမှုအရဆိုရင် တိုင်းရင်းသားတွေ တန်းတူအခွင့်အရေးကပိုပြီး ဆိုးသွားတာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ လွှတ်လပ်ရေးရပြီး ဒီဘက်ခေတ်မှာကြည့်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ သွားတဲ့လမ်းကြောင်းက **Rigid Centralization** လို့ခေါ်တဲ့ ပိုပြီးတင်းကျပ်တဲ့ တပြည်ထောင်စနစ်ကို တဆင့်ပြီးတဆင့် ပိုပြီးဖေါ်ဆောင်လာတယ်။၁၉၄၇ အခြေခံဥပဒေမှာသင့်သင့် လျောက်ပတ်တဲ့အခွင့်အရေးကို တိုင်းရင်းသားတွေ ရရှိပြီလို့ ပြောလို့ရတယ်။ ၁၉၇၄ ဥပဒေမှာပိုဆိုးသွားတယ်။ အခု နအဖ ဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံမူက အဆိုးဆုံးဖြစ်တယ်။ အခြားတဘက်မှာ တိုင်းရင်းသားတွေရဲ့ ဖွဲ့စည်းပုံရေးဆွဲရေးလုပ်ငန်းစဉ်ဟာ ဖြစ်စဉ်နှစ်ခုနဲ့သွားနေတယ်။ တခုက ပြည်ထောင်စုတခုလုံးနဲ့ဆိုင်တဲ့ **Federal** ပေါ်မှာ အခြေခံတဲ့ပြည်ထောင်စု တည်ဆောက်ပုံစနစ်ကို အမျိုးသားကောင်စီ **NCUB** က ဦးဆောင်ပြီးဖွဲ့စည်းပုံရေးဆွဲရေး လုပ်ငန်းစဉ်တရပ်ရှိနေတယ်။ တချိန်ထဲမှာ **Ethnic Nationalities Council** လို့ခေါ်တဲ့တိုင်းရင်းသားလူမျိုးများကောင်စီကဦးဆောင်ပြီးတော့ ပြည်နယ်ဖွဲ့စည်းပုံ ရေးဆွဲရေးဖြစ်စဉ်နဲ့ သွားနေတယ်။

ဒီဖြစ်စဉ်နှစ်ခုဟာ တစ်ခုနဲ့တခု ဆက်စပ်ညှိနှိုင်းမှုရှိနေတာကြောင့် တိုင်းရင်းသားတွေကြားထဲမှာညှိနှိုင်းတဲ့၊ ဆွေးနွေးတဲ့ **Process** ဆက်ရှိနေပြီ။ တယောက်နဲ့တယောက်ရာနှုန်းပြည့် သဘောတူညီချက်မရသေးသော်လည်း တန်းတူအခွင့်အရေးကနေအခြေခံတဲ့ လုပ်ငန်းစဉ် In process ကတော့ တဆင့်ဆင့်ပြီးတဆင့် သွားနေတယ်လို့ ပြောလို့ရပါတယ်။”

(BLC အတွင်းရေးမှူး **ဦးအောင်ထူး**)

“အာဆီယံနိုင်ငံတွေကတော့ မြန်မာနိုင်ငံအပေါ်မှာ သူတို့စေတနာထားခြင်းဟာအထက်ပိုင်းကပုဂ္ဂိုလ်တွေအပေါ်မှာဘဲစီးပွားရေးအရ စေတနာထားရင်ထားဖို့ဘဲရှိပါတယ်။ မြန်မာလူမျိုးတွေအပေါ် စေတနာထားပြီးပြောတယ်လို့ကျမကမယူဆပါဘူး။တိုင်းရင်းသားလူမျိုးတွေအကြောင်းဘယ်လောက်သိလို့လဲ လို့ကျမကမေးချင်ပါတယ်။နိုင်ငံရေးလုပ်နေကြတဲ့ပုဂ္ဂိုလ်တွေ၊ ခေါင်းဆောင်ပိုင်းဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် **NLD** ပါတီဝင်တွေဟာ နိုင်ငံရေးအရရော လူမျိုးရေးအရပါ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ **CRPP** ဆိုတာရှိပါတယ်။ဒီကိစ္စဟာ ကျမတို့ပူပင်ရမဲ့ကိစ္စဖြစ်သလို ကျမတို့ခေါင်းဆောင်ကိုယ်တိုင် အတွေးထဲမှာ တွေးထားတဲ့ကိစ္စဖြစ်တဲ့အတွက် အာဆီယံဝန်ကြီးအဖွဲ့တွေက စေတနာနဲ့ပြောတယ်ဆိုတာ ဘယ်လိုနဲ့မှ မယုံနိုင်ပါဘူး။”



ဒေါ်စန္ဒာဝင်း

“ကျမတို့ဒီဘက်ပိုင်းမှာ တိုင်းရင်းသား တော်တော်များများနဲ့တွေ့ကြရတယ်။ပြည်တွင်းမှာထက်စာရင် တချို့ကအရင်တုန်းကတော့ ဗမာကိုမုန်းတီးတယ်။ ဗမာလူမျိုးဟာ လူမျိုးကြီးဝါဒကျင့်သုံးတယ်ဆိုပြီးတော့ တဘက်သတ်အမြင်လေးတွေ ရှိကြပါတယ်။ အခုနေအခါမှာ ကျမတို့အားလုံးဟာ ဖိနှိပ်ခံရတာချင်းအတူတူဆိုတာ တဖြည်းဖြည်း

သဘောပေါက်လာတဲ့အခါ တိုင်းရင်းသားတွေရဲ့စိတ်ထဲမှာ ဒီစိတ်တွေ လျော့နည်းလာပါတယ်။ ငါတို့တင်မကဘဲ ဗမာပြည်ကလဲဘဲ နအဖ လက်ထက်မှာ ငါတို့နည်းတူပါဘဲ ဒုက္ခဆင်းရဲခံနေရတာပါလား ဆိုတဲ့ ဖြစ်ပျက်နေတဲ့ တိုင်းပြည်ရဲ့အနေအထားကို သူတို့သဘောပေါက်လာတော့ ကျမတို့ညှိနှိုင်းပြောဆိုဆွေးနွေးရတဲ့ နေရာမှာ တော်တော်လေး အသားကျလာတယ်။နားလည်မှုပိုရှိလာတယ်။ လက်တွဲပြီးဆောင်ရွက်ချင်တဲ့စိတ်တွေရှိလာတယ်ဆိုတာ ထင်ထင်ရှားရှားရှိလာပါတယ်။"

"စစ်အစိုးရ အုပ်စိုးလာတဲ့ ၄၅ နှစ်မှာ တိုင်းရင်းသားတွေဟာ သူတို့ရဲ့ စာကိုတောင်မှ သင်ခွင့်မရတဲ့အနေအထား၊ ဘာသာရေးအရ ဖိနှိပ်ခံရတဲ့ အနေအထား၊ အဲလိုမျိုးအနေအထားမှာ ပြည်တွင်းကဗမာတွေရဲ့ တော်လှန်နိုင်မှု၊ အခုဘုန်းကြီးတွေဖြစ်သွားတဲ့ကိစ္စ အင်မတန်မှ အသက်စွန့်နိုင်တဲ့ကိစ္စ သူတို့မြင်တွေ့ရတဲ့အခါမှာ ကျမတို့အပေါ်မှာ အလွန် စာနာလေးစားတဲ့စိတ်တွေဖြစ်လာတာကြောင့် ပဋိပက္ခတွေဟာ ကင်းဝေးသွားနိုင်မယ်။ ဒီကိစ္စတွေဟာ ဖြေရှင်းလို့မရတဲ့ကိစ္စ မဟုတ်ပါဘူး။"

(မကွေးတိုင်း NLD အမျိုးသမီး ဥက္ကဋ္ဌ **ဒေါ်စန္ဒာဝင်း**)

"ရခိုင်လူမျိုးတွေဟာ စစ်အာဏာရှင်စနစ်ကို တိုက်နေတာပါ။ ပြည်ထောင်စုမပြိုကွဲဖို့ တိုက်နေတာပါ။ လူမျိုးကိုတိုက်နေတာမဟုတ်ပါဘူး။ ဒီမိုကရေစီအတွက်၊ လူမျိုးစုများ တန်းတူညီမျှမှု၊ တရားမျှတမှုအတွက်၊ လူ့အခွင့်အရေးအတွက် တိုက်နေတာပါ။ သူတို့ဟာ မြန်မာနိုင်ငံ တိုင်းရင်းသားအကြောင်းမသိဘဲနဲ့ နဝတအသက်ရှည်ဖို့အတွက် ပြောနေတဲ့စကားသာဖြစ်ပါတယ်။"

"တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တို့ ဗိုလ်အောင်ကျော်လမ်း သဘောတူညီချက်နဲ့ သဘောတူဆောင်ရွက်နေကြပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP မှာလဲ တိုင်းရင်းသားအဖွဲ့ ပေါင်းစုံပါဝင်လာပါတယ်။ သဘောတရားအားဖြင့် တိုင်းရင်းသားနဲ့ NLD ယုံကြည်မှုတည်ဆောက်လို့ရပါတယ်။ ဒီမိုကရေစီအင်အားစုတွေ သဘောတရားပြည့်ဝလာပြီးတော့ ပြည်ထောင်စုမပြိုကွဲရေး လူမျိုးပေါင်းစုံတဲ့မှုကို သဘောပေါက်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။"

(ရခိုင်ပြည် မင်းပြား ALD-MP **ဦးထွန်းဝင်း**)

"စီးပွားရေးအကျိုးအမြတ်အတွက် နအဖကို လာဘ်ထိုးပြီး ပြောတာလို့ မြင်ပါတယ်။ပြည်ထောင်စုဖေါ် ဆောင်ဖို့အတွက် တိုင်းရင်းသားတွေ နှစ်ပေါင်းများစွာ အသက်သွေးချွေးရင်းရတဲ့အပေါ်မှာ အခုလို လွယ်ကူကူ သုံးသပ်လိုက်တာက မလျော်ကန်တဲ့ကိစ္စပါ။"

"အုပ်ချုပ်တဲ့သူတွေက ဗမာတွေဆိုတော့ အုပ်ချုပ်ခံရတဲ့ သူတွေက မုန်းတီးတာသဘာဝဘဲ။ ထောင်ထဲက အတွေ့အကြုံကို ပြောပြချင်ပါတယ်။ ကျနော်တို့အတိတ်တုန်းက ဗမာများနဲ့ တိုင်းရင်းသားများအကြားမှာ အမုန်းတရားတွေအနိုင်ကျင့်တာတွေရှိခဲ့ပါတယ်။"

"တကယ့်ဗမာလူမျိုးကြီးဝါဒကို ကျင့်သုံးကြတဲ့ ဗမာခေါင်းဆောင်တွေလဲ ရှိခဲ့ပါတယ်။ ဒါဘယ်သူမှငြင်းလို့မရပါဘူး။ဒါပေမဲ့လို့ ဒီနေ့မျိုးဆက်သစ်လူငယ်တွေရဲ့သဘောထားကိုလေ့လာဖို့လိုပါတယ်။ ကျနော်ထောင်ထဲမှာနေခဲ့စဉ်က ဗမာလူမျိုး မျိုးဆက်သစ်လူငယ်တွေဆိုရင် သူတို့ကိုယ်၌က ဗမာလူမျိုးဆိုရင်သူတို့ကိုယ် ရှံ့မုန်းပါတယ်။ ကျနော်ဖြတ်သန်းခဲ့ရတဲ့ ထောက်လှမ်းရေးစစ်ဗိုလ်တွေကတော့ **"ငါတို့ကို နာဇီလက်သစ်တွေလို့ မင်းတို့မှတ်ထားနိုင်တယ်။"** တချို့လဲ ကိုယ့်ကိုကိုယ်ဖက်ဆစ်လို့ပြောတာကို နှစ်နှစ်သက်သက်ခံယူတာရှိပါတယ်။ ဗမာများထဲမှာကြည့်မယ်ဆိုရင် စစ်အာဏာရှင် အသိုင်းအဝိုင်းထဲမှာ ကိုယ့်ကိုကိုယ်နာဇီဖက်ဆစ်လို့ခံယူရဲသလိုမဟာဗမာဝါဒ တကယ်ကျင့်သုံးဖို့အတွက် ကြိုးစားနေတာပါ။ သို့သော် ဒီမိုကရေစီ အင်အားစုတွေထဲမှာရှိတဲ့ ဗမာလူငယ်တွေကတော့ တိုင်းရင်းသားတွေကို စာနာစိတ်ရှိပါတယ်။ ဒါကြောင့် ဒီနေ့မျိုးဆက်သစ်လူငယ်တွေရဲ့ သဘောထားကိုလဲ ထည့်တွက်ရမှာဖြစ်ပါတယ်။"

(သထုံ NLD - MP **ဦးခွန်မြင့်ထွန်း**)

"နအဖလက်အောက်ရောက်မှဘဲ တိုင်းရင်းသားလူမျိုးတစ်ရာကျော် ဟာပြဿနာပါလို့ လက်ညှိုးထိုးနေတာပါ။ တိုင်းပြည်တိုးတက်မှုပြိုကွဲမှုဆိုတာက ကျင့်သုံးတဲ့စနစ်နဲ့ အုပ်ချုပ်နေသူရဲ့အရည်အချင်းတွေမှာ အများကြီးမူတည်နေပါတယ်။ အရည်အချင်းလည်းရှိ ပြည်ထောင်စုတည်တံ့ရေးအတွက် မှန်ကန်တဲ့အတွေးအခေါ် ရှိခဲ့တဲ့ ဦးခွန်ထွန်းဦးလိုပုဂ္ဂိုလ်မျိုးကို ပြည်ထောင်စုမပြိုကွဲရေးအတွက် အသုံးချရကောင်းမှန်းလည်း သူတို့မသိဘူး၊ နားလည်းမလည်ဘူး။ အဲဒါကြောင့်မို့ ထောင်နှစ်ရှည်ချပစ်တယ်။ ငါနဲ့မတူ ငါ့ရန်သူဆိုပြီးတော့ နှိပ်စက်ဖို့ပဲတတ်တဲ့ ဒီစစ်ခေါင်းဆောင်တစုကသာ သက်ဆိုးရှည်နေခြင်းကသာလျှင်ပြည်ထောင်စုကြီးပြိုကွဲရေးအတွက် တကယ့်ရန်သူဖြစ်နေတာ။"

" Federal ပြည်ထောင်စုစနစ်ကို ပြည်တွင်းကသူတွေ တော်တော်များများက ခွဲထွက်ရေးလို့ဘဲနားလည်တယ်။ တကယ့် အဓိပ္ပာယ်မှန်ကိုက ရှင်းပါတယ်။ နာမည်ကိုက Federal ပြည်ထောင်စုစနစ်လို့ခေါ်တာ။"

"ဗမာလူမျိုးစု အများစုကတော့ ဗိုလ်ချုပ်နေဝင်း လက်ထက်ကတည်းက သင်လာတဲ့ ပြည်ထောင်စုပြိုကွဲတယ်ဆိုတဲ့ အယူအဆနဲ့ ကြီးပြင်းလာတဲ့လူတွေဖြစ်ပါတယ်။ဒီအယူအဆ၊ အစွဲအလမ်းတွေရှိနေသေးတော့သူတို့နားလည်အောင်လုပ်ဖို့က အားလုံးရဲ့တာဝန်ပါ။"

(ဂျပန်မှ BBC ပရိတ်သတ်– **ဦးစိန်**)

"တိုင်းရင်းသားကိစ္စနဲ့ပတ်သက်ပြီး သမိုင်းအထောက်အထားမှာတော့ ဦးနေဝင်းက အာဏာသိမ်းလို့ကောင်းအောင် အကြောင်းပြခဲ့တာ။တိုင်းရင်းသားပြဿနာက Federal ဆိုတာ လွတ်လပ်ရေးတောင်းတာမဟုတ်ဘူး။ ဒါကကိုယ်ပိုင်အုပ်ချုပ်ရေး။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးကိုပေးသင့်တဲ့ကိစ္စ။ တိုင်းပြည်ပြိုကွဲစရာ အကြောင်းမရှိဘူး။ စစ်တပ်က အာဏာလုချင်တော့ ဒါကိုအကြောင်းပြတာဖြစ်တယ်။ စက်ဳပူလည်း မြန်မာနိုင်ငံအပေါ် စိတ်ရင်းစေတနာကောင်းထား ပြော

တာမဟုတ်ဘူး။ စစ်အစိုးရတက်ခါစမှာ ဒေါ်အောင်ဆန်းစုကြည်ကို ခြံစည်းရိုး နောက်ကွယ်မှာ ရုပ်ပြအနေနဲ့ နေသင့်တယ်လို့ ပြောလိုပြော၊ သံဃာအရေးအခင်းဖြစ်လာတော့ လီကွမ်ယုကိုယ်တိုင်က မြန်မာနိုင်ငံဟာအချိန်ပြည့်ပေါက်ကွဲနိုင်တဲ့ဗုံးလို့ ပြောလိုပြော၊သူတို့က မြန်မာနိုင်ငံရေးအကြောင်း သိတာမဟုတ်ဘူး။ စစ်အစိုးရကိုတဘက်မှာ အမျိုးမျိုး ချော့ပြီး ပြောနေတယ်။ တိုင်းရင်းသား ကိစ္စက ဗမာပြည်ပြိုကွဲမှုမှာဘာမှ မပတ်သက်ဘူးဆိုတာအခိုင်အမာပြောရဲပါတယ်။ ကျနော်က မဆလ အောက်မှာ ကြီးပြင်းလာပြီးတော့ တိုင်းရင်းသားလူမျိုးများနဲ့ ပတ်သက်ပြီး လေ့လာခဲ့ရတယ်။ ကျနော်ကိုယ်တိုင် ဗမာလူမျိုးစစ်စစ်ပါ။ တိုင်းရင်းသားနဲ့ ပတ်သက်ပြီး စစ်အစိုးရနဲ့ နိုင်ငံခြားတိုင်းပြည်အချို့က ပြောတဲ့ဟာကို ကျနော့အနေနဲ့ လက်မခံဘူး ဖြစ်လဲမဖြစ်နိုင်ဘူး။''

**(ကိုမီးခဲ မယ်ရီလန်း)**

''Federal ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို တကယ်တာဝန်ခံရေးဆွဲနေတာ အမျိုးသားကောင်စီဖြစ်ပါတယ်။ ဗမာပြည်နယ်ဟာ ပြည်ထောင်စု ၈ ပြည်နယ် မှာပါတယ်လို့ လေ့လာရပါတယ်။''

''ဗမာကိုလည်း တိုင်းရင်းသားလူမျိုးစုတွေလိုဘဲ ပြည်နယ်တခု ထဲပေးမယ်ဆိုတာ ဖြစ်သင့်ပါတယ်။ တိုင်းရင်းသားလူမျိုးစု တန်းတူအခွင့်အရေးအနေနဲ့ ပြောရရင် ဗမာဆိုတာလဲလူမျိုးစုတခုဘဲ။ လူမျိုးစုတခုအနေနဲ့ဘဲ သတ်မှတ်ရမှာ။ ဒါပေမဲ့ လူမျိုးစုတခုအနေနဲ့ လူဦးရေများတာကိုအခွင့်ကောင်းယူပြီး ဗမာလူမျိုးကြီးဝါဒထားတယ်ဆိုတာ ပွင့်ပွင့်လင်း လင်းပြောရရင် စိတ်ရင်းစေတနာမမှန်တဲ့သူ၊ အခွင့်အရေးယူချင်တဲ့သူရဲ့ယူဆချက်ပါ။ စိတ်ရင်းစေတာမှန်နဲ့ ပြောရရင် ဗမာလူမျိုးကလည်း ဗမာတကျပ်၊ သျှမ်းတကျပ် ဖြစ်ကိုဖြစ်ရမဲ့ကိစ္စ။''

''မကွေးဟာ တိုင်းနဲ့ပြည်နယ် ၁၄ ခုခွဲထားတဲ့အထဲမှာ ပြည်နယ်တခုနဲ့ တန်းတူရထားတဲ့တိုင်း ဖြစ်ပါတယ်။ ဗမာတခုလုံးကို ပေါင်းပြီးတော့ ၈ ပြည်နယ်စနစ်နဲ့ Federal ပြည်ထောင်စုဖွဲ့စည်းရင် ဗမာပြည်သူတွေ လက်ခံနိုင် အောင်ပြောရမှာဘဲရှင့်။ နိုင်ငံရေးသမားများ လက်ခံအောင် တတ်နိုင်သမျှပြောရမှာဘဲ။ တန်းတူရည်တူစကားအရ ဆိုလို့ရှိရင် တန်းတူရည်တူပေးကိုပေးရမယ်။ ရှိကိုရှိရမယ်။ လုံးဝ ကန့်ကွက်စရာမရှိပါဘူး။ လက်ခံပါတယ်။''

''သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ခွန်ထွန်းဦးက ဘာပြောလဲဆိုတော့ **ပြည်ထောင်စုထဲကခွဲထွက်တာဟာပြည်ထောင်စု ပြိုကွဲရေးဖြစ်ပါတယ်။ဒါကိုဆန့်ကျင်ကန့်ကွက်ပါတယ်။ပြည်ထောင်စု စစ်စစ်ကိုမဖေါ်ဆောင်နိုင်တာကလဲ ပြည်ထောင်စုကိုပြိုကွဲစေနိုင်ပါတယ်**တဲ့။၁၉၉၃ ညီလာခံမှာ ဒီမိုကရေစီအင်အားစုတွေရော တိုင်းရင်းသားအင်အားစုတွေပါ အားလုံးတင်သွင်းခဲ့ကြတာက လွှတ်တော် ၂ ရပ်နဲ့ ပြည်ထောင်စုစစ်စစ်မှုပါ။ NLD ပါဝင်ဖွဲ့စည်းထားတဲ့ လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP မူကလဲဘဲ ပြည်ထောင်စုစစ်စစ်မူဖြစ်ပါတယ်။ ၈ ပြည်နယ်မူနဲ့ဘဲဖွဲ့မယ်လို့ကျိန်းသေတော့မရှိပါဘူး။နယ်စပ်မှာရေးဆွဲနေတဲ့ဖွဲ့စည်းပုံကို လေ့လာတဲ့အခါမှာ လူမျိုးကိုအခြေခံတဲ့ အမျိုးသားပြည်နယ်တွေလဲရှိရမယ်။ ဒေသကိုအခြေခံတဲ့ အမျိုးသားပြည်နယ်တွေ လဲပါဝင်ဖွဲ့စည်းမယ်ဆိုတဲ့မူကို ထည့်တွက်ရပါတယ်။'' ❑

**ဦးကျော်ဇံသာ**

VOA 13th Nov, 2'07 (ညပိုင်း)

## ပြည်သူနိုင်မည်မုချ

စစ်သားက လုပ်ကြံဖန်တီးတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူလူထုက လက်မခံလို့ စစ်တပ်က ထိပ်တိုက်ရင်ဆိုင် မယ်ဆိုရင် စစ်တပ်နဲ့ လူထုတိုက်ပွဲ ပေါ်ပေါက်လာမယ်။ တိုက်ပွဲမှန်ရင် အနိုင်အရှုံး ရှိစမြဲဘဲ၊ ဒါပေမဲ့ ပြည်သူနဲ့ စစ်အာဏာပိုင်တို့ရဲ့ ရင်ဆိုင်တိုက်ပွဲမှာအာဏာရှင်တို့ကဘဲ နောက်ဆုံး အရှုံးနဲ့ရင်ဆိုင်ရမှာ မုချဖြစ်တယ်။

**အုထိုင်း ဖင်းဂျိုင်ချွန်း (၁၅၊၈၊၂၀၀၇)**

ယခင်ထိုင်းအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်

## အသုံးချခံ မဖြစ်နဲ့

နအဖ အခြေခံဥပဒေသစ်အတွက် လူထုဆန္ဒခံယူပွဲလုပ်ခဲ့ရင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ လူထုအဖို့ မိမိရဲ့ကိုယ်ပိုင် အသိဥာဏ်ဆုံးဖြတ်ချက် (ဝိစာရဏာဥာဏ်) ကို သတိရှိရှိ ချင့်ချင့်ချိန်ချိန် အသုံးချပြီး တိုင်းပြည်ရဲ့ကံကြမ္မာအတွက် အလေးထား ဦးစားပေးရပါမယ်။စစ်အာဏာရှင်တွေရဲ့ အသုံးချခံ ခုတုံးအဖြစ် မကျရောက်မိဖို့ အဓိကဖြစ်တယ်။

**ဗဏ္ဏာဓိကာရ (၁၈၊ ၈၊ ၀၇)**



# ဂမ်ဘာရီလောက်တော့ ရှိတာပေါ့

မစ္စတာဂမ်ဘာရီနဲ့ ကုလသမဂ္ဂအခန်းကဏ္ဍကို နအဖတို့ နားမလည်ဘူးလို့ ဥရောပမြန်မာရုံး EBO ဒါရိုက်တာ ဦးဟန်ယောင်ဟွေ့က အခုလို ပြောပါတယ်။

"ဂမ်ဘာရီရဲ့ လုပ်ပိုင်ခွင့်ကို သူတို့နားမလည်ဘူးလို့ ကျနော် မြင်ပါတယ်။ဘာကြောင့်လဲဆိုရင်ဂမ်ဘာရီက နအဖနဲ့ဒေါ်စုစကားပြောရေးကို တာဝန်ပေးခံရပါတယ်။ နိုင်ငံတကာကဖိအားပေးတဲ့ကိစ္စသူလုံးဝမပိုင်ဘူး။ ဖိအားပေးတဲ့ကိစ္စက ကုလသမဂ္ဂနဲ့လဲမဆိုင်ဘူး။ ယူအက်စ်၊ အီးယူတို့မှာ လုပ်ပိုင်ခွင့်ရှိနေတယ်။ဆိုတော့ ဂမ်ဘာရီအနေနဲ့ ဘယ်လိုမှ သွားတားလို့မရဘူး။ လူထုနဲ့ဘုန်းကြီးတွေကို နအဖကြမ်းကြမ်းတမ်းတမ်းဖိနှိပ်ထားတဲ့ကိစ္စကို သူတို့ကတုန့်ပြန်တာဖြစ်တယ်။ဂမ်ဘာရီက ဘယ်လိုမှတားဆီးလို့မရဘူး။ ဆိုတော့ အဲဒီနေရာမှာ သူတို့နားလည်မှုလွဲတာဖြစ်မယ်။ မဟုတ်ရင်လည်း UN ကိုတမင်တကာ အပြစ်တင်တာ ဖြစ်နိုင်တယ်။"

ပြည်တွင်းမှာပဲ အချင်းချင်းရှင်းမယ်ဆိုတဲ့ နအဖ အယူအဆနဲ့ ပတ်သက်လို့–

"ဖြစ်နိုင်ရင် အကောင်းဆုံးလို့ပြောလို့ရပါတယ်။ ဒါပေမဲ့ သမိုင်းကိုပြန်ကြည့်ရင်တော့ မဖြစ်နိုင်တဲ့ အလားအလာတွေ မြင်ရတယ်။ နအဖက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ၁၉၈၉ ကစပြီး အပစ်အခတ်ရပ်စဲမှု လုပ်ခဲ့တယ်။ သဘောတူညီချက်ကလည်း နအဖ ပြောခဲ့တာက နိုင်ငံရေးအဖြေရှာဖို့၊ တိုက်ဖို့မလိုဘူး။ လာစကားပြောကြပါ ဆိုပြီး သူတို့ ကို ဖိတ်ခေါ်လို့ငြိမ်းချမ်းရေးတွေ လုပ်သွားကြတယ်။ ဒါပေမဲ့ စောင့်ရင်းစောင့်ရင်း ဘယ်လိုမှမဖြစ်လာဘူး။ အမျိုးသားညီလာခံမှာ လာတက်ပါ။ အဲဒီမှာဆွေးနွေးလို့ရပါတယ်လို့ပြောတယ်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေကလည်း သွားတက်တယ်။ သူတို့အစီရင်ခံစာတွေတင်တယ်။ သူတို့တောင်းဆိုတဲ့ အချက်အလက်တွေကို တစ်ခုမှဂရုမစိုက်ခဲ့ဘူး။ အဲဒီနောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ ၂၀၀၀ ကစပြီးတော့မှ စကားပြောလာတဲ့နေရာမှာ ကုလသမဂ္ဂဘက်က ရာဇာလီလာကူပေမဲ့ ဘာမှအကြောင်းမထူးခဲ့ဘူး။ ဒီတစ်ခေါက်လဲ နအဖက Home Grown သူတို့နဲ့ဒေါ်စုနဲ့ဘဲပြောမယ်ဆို ဒါကယုတ္တိမရှိဘူးလို့ ကျနော်တို့မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နအဖဘက်က တကယ်မလုပ်ခဲ့ဘူး။"

"ဂမ်ဘာရီလာတဲ့ အချိန်မှာက ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဖို့သင့်တယ်။ ဂမ်ဘာရီရဲ့အဆင့်က အဲဒီအဆင့်ဖြစ်တယ်။ ဦးအောင်ကြည်ကိုဘဲ တွေ့ရတယ်ဆိုရင် ဒါက မဟုတ်တော့ဘူး။ နိုင်ငံတကာကကြည့်လဲ နအဖက ဂမ်ဘာရီကို ဂရုမစိုက်ဘူး။ လာကူပေးတဲ့လူကို ငြင်းပယ်နေတယ်။ ရှင်းလင်းပွဲလုပ်ပြီးလဲ ငြင်းပယ်တယ်ဆိုတာ တော်တော်ဆိုးတဲ့ အခြေအနေလို့ ပြောလို့ရပါတယ်။"
ဥရောပမြန်မာရုံး EBO ဒါရိုက်တာ ဦးဟန်ယောင်ဟွေ့ ပြောသွားပါတယ်။

**VOA ဦးသားညွှန့်ဦး၊ ၈ နိုဝင်ဘာ ၂၀၀၇**

# တိုင်းရင်းသားအတွက် ဒေါ်စုအာမခံချက်ပေးနိုင်

"ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရပ်တည်ချက် မှန်ကန်နေတယ်ဆိုတာ တကမ္ဘာလုံးက အသိအမှတ်ပြုထားတာဖြစ်တယ်။ ကျနော်တို့ မျှော်လင့် ယုံကြည်ပါတယ်။ တွေ့ဆုံဆွေးနွေးမယ် ဆိုရင်တော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ကျနော်တို့ တိုင်းရင်းသားအားလုံးကို အာမခံချက်ပေးနိုင်လိမ့်မယ်လို့ ကျနော်တို့ယုံကြည်ပါတယ်။ ဒေါ်စုအနေနဲ့ တိုင်းရင်းသားတွေအားလုံးကို ကိုယ်စားပြုပြီး ဆွေးနွေးမယ်ဆိုရင် တိုင်းရင်းသားတွေ ပါဝင်ပြီးဆွေးနွေးတော့မှ ပြည့်စုံမယ်လို့ ကျနော်တို့ ခံယူပါတယ်။"

"ကျနော်တို့ အတွေ့အကြုံကိုပြောရမယ်ဆိုရင် အရင်နှစ်တုန်းက ကုလသမဂ္ဂကိုယ်စားလှယ်တွေ ဝင်လာပြီဆိုရင် နအဖအကျပ် အတည်းတွေ ကြုံလာပြီ။သူအကျပ်အတည်းကြုံလာတဲ့အခါမှာ အတွင်းပိုင်း ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေကို အကြပ်ကိုင်တာတွေ ရှိပါတယ်။ လုံခြုံရေးကောင်စီတင်လိုက်တဲ့ ကိစ္စမှာဆိုရင် မထောက်ခံဖို့၊ ကန့်ကွက်ဖို့ ဖိအားပေးတယ်။အဲဒီတုန်းက ကျနော်တို့လည်း စာတွေ ဘာတွေ ထွက်ပေးလိုက်ရသေးတယ်။ အခုလဲ နအဖရဲ့ ဖိအားပေးမှုကြောင့် ဒီလို သဘောထားအမြင်တွေ ထွက်ပေါ်လာရတာပဲ"

**(PNLO- GS ခွန်သူရိန်)**

နိုဝင်ဘာ ၁၈ ရက်ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP ထိန်းချုပ်ရာဒေသတွင်းမှာ အပစ်ရပ်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် SNPLO ကနေ ခွဲထွက်တော့ခိုပြီး ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ PNLO အဖွဲ့အဖြစ် အမည်သစ်ခံယူပြောင်းလဲတဲ့ အခမ်းအနားတရပ် ကျင်းပခဲ့ပါတယ်။ အဖွဲ့ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးချုပ် ခွန်ထိဆောင်၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဗိုလ်မှူးကြီး အောင်ကျော်တို့က တာဝန်ယူကြပါတယ်။

ရလလဖအဖွဲ့ဟာ ၁၉၉၄ ကစစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲခဲ့ပါတယ်။ပြီးခဲ့တဲ့ ဇွန်လအတွင်းက ခွန်ထိဆောင် ဦးဆောင်တဲ့အဖွဲ့ဟာ အပစ်အခတ်ရပ်စဲရေးကိုလက်မခံတော့ဘဲ စစ်အစိုးရကို လက်နက်ကိုင်တိုက်ခိုက်ခဲ့ပြီး ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းလိုက်တာဖြစ်တယ်။❑

**VOA ၁၈၊ ၁၁၊၀၇**

# ရွှေတိုး–ထမ်းပိုး၊ နောက်ဆုတ်–လှည်းငုတ်၊ ဗမာပြည်အရှုပ်




ဗမာပြည်ပြဿနာကားအာဗီယံ၊တရုပ်၊ ကုလား၊ ရုရှား၊ဂျပန်၊ အမေရိကန်၊ EU၊ UN စသည်တို့နှင့် ဆက်စပ်နီးနွယ်လုံးထွေးနေသဖြင့် ကမ္ဘာ့လယ်ဗယ်အဆင့် ရောက်နေပြီဖြစ်၏။ ဒီမိုကရေစီဆိတ်သုဉ်းမှုပြဿနာ တခုတည်းကြောင့်မဟုတ်တော့ပေ။ သို့သော်သူသူငါငါ အလုအယက် လိုချင်မက်မောကြသည့် ဗမာပြည်တွင်းမှ အကျိုးစီးပွားမှာ အဓိကအရေးပါသော အစိတ်အပိုင်းကြီးဖြစ်သည်။

**ဗမာပြည်ပြဿနာအပေါ် ကြည့်မြင်သော စဉ်းစားနည်း ၂ ခုရှိ၏။**

(၁) ဗမာပြည်သူများအပေါ် အာဏာရှင်စစ်အုပ်စုတို့ မည်သို့ပင် အုပ်ချုပ်အုပ်ချုပ်၊ အနောက်အုပ်စုကကြွယ်ဝသည့် သယံဇာတများ လာရောက်သိမ်းကြုံးယူငင်မှုမှ ကာကွယ်ဟန့်တားထားနိုင်သည်။ ထို့အပြင်တိုင်းရင်းသားလူမျိုးစုများ၏ ခွဲထွက်ရေးကိုလည်းထိန်းချုပ်ကာကွယ်ထားနိုင်သည်။

တရုပ်နှင့်အိန္ဒိယတို့က ဒိုင်းသဖွယ် ကောင်းစွာကာကွယ်ပွေ့ပိုက်ထားသည်။ ဂျပန်နှင့် အာဗီယံတို့က အပြိုင်အဆိုင် စီးပွါးရေးရင်းနီးမြှုပ်နှံထားပြီး စစ်အစိုးရအား သွယ်ဝိုက်ပံ့ပိုးထားသည်။ EU နှင့် အမေရိကန် UN တို့မတိုးနိုင်။ ဤအနေအထားကို တရုပ်နှင့်အိန္ဒိယတို့က ကျေနပ်စွာ ထိန်းသိမ်းထားလို၏။ ဗမာပြည်နယ်စပ်ကလည်းတရုပ်၊ အိန္ဒိယနှင့် ထိစပ်နေပြန်သည်။ နအဖ အဖို့ ငါ့မြင်းငါစိုင်း၊ ငါ့လှေငါထိုး ကြိုက်သည့် ပုံစံမျိုးဖြင့် ဆက်အုပ်ချုပ်နိုင်သည်။ ဘာမှပြဿနာမရှိ။

(၂) အနောက်အုပ်စုက အစဉ်တစိုက် (အခုနောက်ပိုင်း အာဗီယံအပါအဝင်) ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ရန် နအဖအား တိုက်တွန်းဖိအားပေးလာ၏။ စစ်အုပ်ချုပ်ရေးစနစ် လျှော့ချ–အဆုံးသတ်ရန် နအဖအား ကျောသပ်ချော့မော့ဖျောင်းဖျ၏။သို့သော် အတန်တန် ငြင်းပယ်ချခံရ၏။ အကြောင်းမှာ နအဖတို့ တံခါးအကျယ်ကြီးဖွင့်လိုက်သည်နှင့် အနောက်အုပ်စုက ဝိုင်းအုံတိုးဝင်လာမည်ဟု ယုံကြည်ထားကြသောကြောင့် ဖြစ်သည်။ အဓိကအချက်မှာ နအဖတို့ အာဏာလက်လွှတ်ရမည်။ ရုတ်တရက်အကျိုးမဲ့ တန်ဖိုးကျသွားမည်ဟု ၄င်းတို့ခံယူထားကြသည်။

ဤမတင်မကျ အနေအထားတွင် ဗမာပြည်သူများ ဘယ်လိုဘယ်ပုံဆက်စခန်းသွားမလဲ ဟုမေးစရာရှိ၏။ ဆင်းရဲငတ်ပြတ်ကျပ်တည်း ခက်ခဲဒုက္ခ ဝဲသြဃထဲ တဝဲဝဲလယ်ရုံမှတပါး အခြားမရှိ။ စစ်ဗိုလ်ချုပ်ကြီးများအတွက် ဆယ်သက်စားမကုန် အလုံးစုံပြည့်ဝကျိကျိတက်ချမ်းသာကြပေမည်။ စီးပွါးရေး၊ လူမှုရေးမည်မျှပင်ချွတ်ခြုံကျကျ၊ လောင်စာဆီနှင့် ကုန်ဈေးနှုန်း မည်မျှပင်တက်နေနေ ဘယ်သူသေသေ ငတေမှာလျှင်ပြီးရော။ ဤဇာတ်မျောကြီး ရှည်ကြာမည်။

ရေနံ၊ ဓါတ်ငွေ့၊ ကျွန်းသစ်၊ သတ္တု၊ ကျောက်သံပတ္တမြားဤသယံဇာတများသည် အုပ်ချုပ်မင်းလုပ်သူ စစ်ဗိုလ်ချုပ်ကြီးများအတွက်သာဖြစ်သည်။ လက်လုပ်လက်စား လူထုအများစုအဖို့ အခြေအနေမဲ့ ပစ္စည်းမဲ့လူ့ပ်လီလူ့ပ်လဲ့ဘဝတွင်သာ လုံးခြာလည်ပြီး တံခါးပိတ်ဝါဒ အမှောင်ကြား စမ်းတဝါးဝါးအသက်ရှင်နေရသဖြင့် ပြည်ပြေးဒုက္ခသည်များအဖြစ်၊ စီးပွါးရေးကပ်ဆိုက်မှုဘေးမှ စွန့်ပြေးကျောခိုင်းသူရွှေ့ပြောင်း အလုပ်သမားများအဖြစ် အိမ်နီးချင်းတိုင်းပြည်များသို့ ပိုမိုတိမ်းရှောင် ကြဦးမည်။

ဤမျက်မှောက်ဖြစ်ရပ်အမှန် အနိဋ္ဌရုပ်သကန်သည် ပြည်သူလူထု ကာယသုခ၊ စိတ္တသုခရှိရှိ လွတ်လပ်စွာ စိတ်အေးလက်အေးနေထိုင်နိုင်စေရန် အာဏာရှင်စစ်အစိုးရကဘာမှ လုပ်မပေးကြောင်း မီးမောင်း ထိုးပြသော အထောက်အထားများဖြစ်သည်။

တရားမျှတမှု၊ လွတ်လပ်ငြိမ်းချမ်း တန်းတူမှုရှိသည့် ဒီမိုကရေစီပန်းတိုင်သို့မရောက်မချင်း ပြည်သူများဆက်လက်ရုန်းကန် တိုက်ပွဲဝင်သွားကြရမည်။ ကိုယ့်ကိုယ်ကိုအားကိုးမှ ကမ္ဘာက ကူနိုင်ကယ်နိုင်မည်။

ကနေ့အဖို့ အခိုက်အတန့်အရှုံးနှင့် ရင်ဆိုင်ရသော်လည်း မနက်ဖန် အပြောင်းအလဲ ဧကန်မလွဲရှိမည်။ ကမ္ဘာကလည်း နည်းလမ်းပေါင်းစုံဖြင့် ကူညီဖိအားပေးနေသည်။

ဗမာပြည်သူများ မိမိကံကြမ္မာ မိမိဘာသာ ဖန်တီးဆုံးဖြတ်နိုင်ရန်အတွက်တည်း။ ❏

**လိခိတဇုန်း သကုလ**
**ထိုင်းရတ် (၃၀၊၉၊၀၇)**

# ဒေါ်စုကြေငြာချက် ENC တုန့်ပြန်



“ဒေါ်အောင်ဆန်းစုကြည်ရဲ့ ထုတ်ပြန်ချက်ထဲမှာလဲဘဲ သူ့အနေနဲ့ တိုင်းရင်းသားတွေလူမျိုးတွေအရေးကို အထူးဦးစားပေးပြီးတော့ စဉ်းစားမယ်ဆိုတဲ့အချက် ပါပါတယ်။အဲဒါကိုလည်း ကျနော်တို့အနေနဲ့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုထားပါတယ်။ ကျနော်တို့ တိုင်းပြည်ရဲ့နိုင်ငံရေးပြဿနာ ငြိမ်းချမ်းတဲ့နည်းနဲ့ဖြေရှင်းနိုင်ဖို့ဆိုရင် တွေ့ဆုံဆွေးနွေးခြင်းမှအပ၊ တခြားနည်းလမ်းမရှိပါဘူး။ အဲဒီအတွက်ကြောင့် ဒီလိုတွေ့ဆုံဆွေးနွေးတဲ့ဟာကို ကြိုဆိုတယ်။ တဆင့်ပြီးတဆင့် အားလုံးပါဝင်နိုင်တဲ့ အနေအထားမျိုးကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံရောကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ Press Statement မှာပါတဲ့အတိုင်း သုံးပွင့်ဆိုင်ဆွေးနွေးပွဲအထိ ဦးတည်တဲ့နည်းလမ်းမျိုး ကျနော်တို့လိုလားတယ် ဆိုတာထုတ်ပြန်ပြီးသားဖြစ်တယ်။ ဒီအတွက်ကြောင့် ကျနော်တို့တိုင်းရင်းသားလူမျိုးများကောင်စီအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အပြည့်အဝထောက်ခံပါတယ်။”

“မူရင်းစာသား အင်္ဂလိပ်လို ထုတ်ပြန်ထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားတွေကို ကိုယ်စားပြုပါမယ်ဆိုတဲ့အချက် မပါပါဘူး။ မှားယွင်းပြီးတော့ အဓိပ္ပါယ်ပြန်တာ ဖြစ်ပါမယ်။ နအဖ အနေနဲ့ လူတွေဇဝေဇဝါဖြစ်သွားအောင် လုပ်တာမျိုးလားဆိုတာ သံသယဖြစ်မိပါတယ်။ ဒေါ်စုရဲ့စေတနာကို ဒီမှာ ရှင်းရှင်းလင်းလင်းဘဲ ဖော်ပြထားပါတယ်။ တိုင်းရင်းသားလူမျိုးတွေ ပြည်ထောင်စုအရေး ဆောင်ရွက်တဲ့နေရာမှာ သူမအနေနဲ့အထူးဦးစားပေး စဉ်းစားနေတဲ့အကြောင်း စေတနာသန့်သန့်နဲ့ ဖော်ပြထားတာတွေ့ရပါတယ်။ သူ ကိုယ်စားပြုပါမယ်ဆိုတဲ့ အပေါ်စီးလေသံမျိုး လုံးဝမရှိပါဘူး။ ဒီအချိန်မှာ တိုင်းရင်းသားလူမျိုးများကောင်စီ ENC အထွေထွေ အတွင်းရေးမှူးတစ်ယောက်အနေနဲ့ မိတ်ဆွေညီရင်းအစ်ကိုတိုင်းရင်းသားနိုင်ငံရေးပါတီအဖွဲ့အစည်းတွေကို မေတ္တာရပ်ခံချင်တာက ဒီလိုအခြေအနေမျိုးမှာ ကျနော်တို့အားလုံးစည်းလုံးညီညွတ်ဖို့လိုပါတယ်။ ကျနော်တို့ အချင်းချင်းနားလည်ဖို့လိုပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဒေါ်အောင်ဆန်းစုကြည်ကိုတစ်မျိုးမမြင်ဖို့ သဘောထားကြီးကြီးနဲ့နားလည်ဖို့လဲ ကျနော်တောင်းပန်ချင်ပါတယ်။ တိုင်းရင်းသားနဲ့ဒီမိုကရေစီအင်အားစုကြားမှာ ညီညွတ်မှုတည်ဆောက်ဖို့လိုသလို နအဖစစ်အစိုးရကလဲဘဲ တွေ့ဆုံဆွေးနွေးပွဲကို တကယ်လိုလားတယ်။ တိုင်းပြည်ငြိမ်းချမ်းစေချင်တယ်။ ဒီမိုကရေစီရရှိချင်တယ်။ ပြည်တွင်းစစ်ကို အဆုံးသတ်ချင်တယ်ဆိုရင် နအဖစစ်အစိုးရနဲ့ ကျနော်တို့ ဒီမိုကရေစီအင်အားစုကြားမှာလဲဘဲ နားလည်မှုတွေတည်ဆောက်ရမဲ့ အချိန်ဖြစ်ပါတယ်။ နားလည်မှုကွဲလွဲနိုင်တဲ့အပြောအဆို သဘောထား ထုတ်ပြန်ကြေငြာချက်မျိုး ကျနော်တို့အားလုံး ရှောင်ရှားဖို့လိုတယ်လို့ ပြောချင်ပါတယ်။ ဒီလိုမဟုတ်မဟတ်တွေ လုပ်လိုက်လို့ရှိရင်တော့ပြည်သူလူထုဘဲ နစ်နာမယ်။ တိုင်းပြည်ဘဲနစ်နာမယ်။”

“တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာဖို့အတွက် ပထမခြေလှမ်းဘဲရှိပါသေးတယ်။ နားလည်မှုတည်ဆောက်ရမဲ့ အချိန်ဖြစ်ပါတယ်။

“ဒါက Pre-Talk အဆင့်မှာ ဆန္ဒစောပြီးတော့ ဟိုလူလဲပါရမယ်၊ ဒီလူလဲပါရမယ်၊ ဒီကိစ္စဆွေးနွေးမယ်ဆိုပြီး ပြောရမဲ့အချိန်မဟုတ်သေးဘူးလို့ ကျနော်ထင်ပါတယ်။ ဒီအချိန်မှာ ဆန္ဒမစောသင့်သေးဘူး။ အချိန်တန်လာရင် ကျနော်တို့တိုင်းရင်းသားလူမျိုးတွေ နားလည်တယ်။ ဒေါ်အောင်ဆန်းစုကြည်လဲ နားလည်တယ်လို့ ကျနော်သဘောပေါက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကြေငြာချက်ထဲမှာ အတိအလင်းရေးထားပါတယ်။ UN ကလည်း နားလည်တယ်လို့ ကျနော်မြင်တယ်။ ကျနော်တို့ တိုင်းရင်းသားလူမျိုးများကောင်စီ ENC က ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မစ္စတာ ဘန်ကီမွန်းဆီလည်းစာရေးပြီး မြန်မာပြည်အကြောင်း ရှင်းပြထားတယ်။ သူတို့လည်းနားလည်မှာပါ။ ပြဿနာဖြေရှင်းဖို့ တိုင်းရင်းသားအခန်းကဏ္ဍမပါဘဲနဲ့ ဘယ်လိုမှဖြေရှင်းလို့မရဘူးဆိုတာ အားလုံးသဘောပေါက်ပါတယ်။ အခုအချိန်မှာ စဉ်းစားဖို့လိုတာကတော့ အဓိကနိုင်ငံရေးအရ တကယ့်အနှစ်သာရရှိ၊ အဓိပ္ပါယ်ရှိတဲ့၊ တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်လာဖို့ကိုဘဲ ကျနော်တို့ဝိုင်းပြီး ကြိုးစားသင့်တယ်။ ”

**ENC-GE ဒေါက်တာဆလိုင်းလျှဲန်မုန်းဆာခေါင်း**

**VOA 17/11/07**

# ကလဲ့စားချေမှုမဟုတ် တရားမျှတမှုပါ

သာမန်အားဖြင့် လူတွေဟာ အန္တရာယ်ကြီးမားတဲ့၊ လူမဆန်တဲ့၊ ရာဇဝတ်သားများကို ရှောင်ရှားချင်ကြတယ်။ ကောင်းကောင်း မဆက်ဆံချင်ကြဘူး။ ဒီအကြောင်းတွေကို သတိပြုမိလျက် ကျနော်တို့တတွေလည်း ရာဇဝတ်သားကိုရှောင်ရှားကြတာဘဲ။

ဒီအန္တရာယ်တွေကနေ ကင်းဝေးစေဖို့ ကျနော်တို့ကို ပညာရှိတွေက အကြံပေးထားတယ်။ ရာဇဝတ်သားတွေကို ခဓယယ ညင်ညင်သာသာ မဆက်ဆံသင့်ဘူး တဲ့။

ဒါပေမဲ့ လူမဆန်ရာဇဝတ်သား ဗမာစစ်အစိုးရကိုပြောင်းဖို့ ကမ္ဘာ့ကုလသမဂ္ဂနဲ့အာဆီယံတို့ကဘာဖြစ်လို့အေးဆေးညှင်သာနည်းကို သုံးနေကြသလဲ။ သူတို့မှာအာဏာရှိနေသေးသ၍ ဘယ်တော့မှပြောင်း လဲမှာမဟုတ်ဘူး။

လူသတ်မှုကျူးလွန်သောအစိုးရ သို့မဟုတ် ရိုင်းစိုင်းကြမ်းကြုတ်ပြီး လူမှုရေးနားမလည်သောသူတွေဟာ အမှားနဲ့ အမှန်မခွဲခြားတတ်တဲ့ လူတစ်စုဖြစ်တယ်။

အကောင်းအဆိုး ခွဲခြားသိမြင်တတ်မှုဟာ လူတွေရဲ့ဆုံးဖြတ်ချက်အပေါ်မှာမူတည်ပါတယ်။အသိဉာဏ်ပညာ၊ လူမျိုးစု၊ မိန်းမ၊ ယောကျ်ားထက် အများကြီး အရေးပါပါတယ်။

စတိုးဆိုင်တွေကို ဝင်ခိုးရာကရလာတဲ့ လူတစ်ယောက်ရဲ့ဝင်ငွေကိုမှီခိုတဲ့လူနဲ့၊ သံအမတ်သူခိုးတစ်ယောက်ရဲ့လစာကို မှီခိုရတဲ့ လူအကြားဘာကွာခြားမှုရှိလဲ။ ဒါမှမဟုတ်သာမန်ကျလူလည်တစ်ယောက်နဲ့ လူသတ်သမား ဘယ်လိုကွဲပြားသလဲ။

တကယ်တော့ အရှိန်အဝါ၊ ပညာ၊ လိုအင်ဆန္ဒ၊ ရမက် ၊ အခွင့်အရေး၊ ပိုင်ဆိုင်ခွင့်တွေ ကွာပါတယ်။

ဒီကွာဟချက်တွေကို မရင်ဆိုင်ရဖို့အတွက် ကျနော်တို့လူသားဆန်တဲ့ အလုပ်၊ စိတ်သဘောထားကို လိုအပ်တဲ့နေရာမှာ ဖြည့်ဆည်း ပေးသင့်ပါတယ်။ (မာတာစတောက် Martha Stout, Ph.D) The Sociopath Next Door)

တော်တော်ခေါင်းမာတဲ့ ဗိုလ်ဟောင်း၊ စိတ်ဓါတ်စစ်ဆင်ရေးအာဏာရှင် စစ်အစိုးရ သန်းရွှေဟာ သူလုပ်ခဲ့တဲ့ အမှားတွေကို အပြစ်လို့တောင် ခံစားမိမှာမဟုတ်ဘူး။ သူ့ရာဇဝတ်မှုကို ကျော်လွန်နိုင်မယ်လို့ထင်ပြီး သူရမ်းတမ်းလုပ်ခဲ့သမျှ၊ အမှားအမှန်မဝေဖန်တတ်၊ ဥပဒေအရ လုပ်နေတာပါဆိုပြီး ပြည်သူလူထုကိုသာမက သူ့ကိုယ်သူပါ ဖြားယောင်းနေတယ်။

သူဟာ လိမ်တတ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ကျွမ်းကျွမ်းကျင်ကျင်လိမ်တတ်တယ်။ ကမ္ဘာကိုလိမ်တယ်။မြန်မာ့အလင်းသတင်းစာနဲ့ သတင်းစာတချို့ကဖေပြချက်တွေဟာ အမှန်တရားနဲ့ တလွဲစီဆိုတာ လူတိုင်းသိပါတယ်။လူတကာရဲ့ ဝေဖန်ချက်တွေလည်း သူတို့လုံးဝ ဂရုမစိုက်ဘူး။ သူ့အလိုကျ သူ့ရဲ့ လက်အောက်ငယ်သားတွေကို ပါးနပ်စွာ ကိုင်တွယ်ထိန်းချုပ်နိုင်ခြင်းဟာ လူ့ဂုဏ်ကင်းတဲ့ရာဇဝတ်သားရဲ့ဂုဏ်ရှိန်နဲ့ ခြိမ်းခြောက် ဖြားယောင်းမှု အစွမ်းကြောင့်ပါ။ ဒါတွေဟာ အံ့သြစရာမဟုတ်ပါဘူး။

ဒီတော့ သူ့ရဲ့ ဉာဏ်နီဉာဏ်နက်ကို မယုံမိစေဖို့ ကျနော်တို့သတိထားရမယ်။ ယုံမိလို့ကတော့ ကလိမ်ကကျစ်သမားရဲ့ထိန်းချုပ်မှုအောက်ကို ရောက်သွားလိမ့်မယ်။

**စိတ်ရောဂါရှိတဲ့လူကို ညှိနှိုင်းအပေးအယူလုပ်လို့မရနိုင်ဘူး–** ဒေါက်တာ ဝီလီယံ ဂိတ်ဂျင်ကပြောတယ်။

စစ်အစိုးရSPDCနဲ့ဒေါ်စုတွေ့ဆုံဆွေးနွေးရင် အကောင်းဘက်ပြောင်းလဲမယ်လို့အများစုကမျှော်လင့်ကြတယ်။ဗိုလ်ချုပ်အောင်ကြည်နဲ့ဒေါ်စု ဆွေးနွေးခွင့်ရခဲ့တယ်။ ပြောင်းလဲမှု မရှိရုံသာမက ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် ဒေါ်စုဟာ ဆွေးနွေးမှုအပြီးမှာ ညှိုးငယ်သွားတာကို တွေ့မြင်ခဲ့ရတယ်။ ဘယ်လိုမျိုးဆွေးနွေးမှု ဖြစ်ခဲ့တယ်ဆိုတာ လူတိုင်းစဉ်းစားလို့ရပါတယ်။

တွေ့ဆုံခွင့်ပေးလိုက်တာဟာလည်း နိုင်ငံတကာရဲ့ ဝေဖန်မှုတွေလွဲချော်သွားအောင် သူတို့ ဖန်တီးလုပ်ကြံလိုက်တာဘဲဖြစ်တယ်။ တခြား အစိုးရအရင်းအမြစ်အရ တရုပ်နဲ့ရုရှားကို နှစ်သိမ့်ဖို့အတွက် ရည်ရွယ်ပါတယ်။

(**သန်းရွှေဟာသံမျက်နှာဖုံးထဲကလူ** လို့ ရောဝတီသတင်း အယ်ဒီတာ အောင်ဇော်က ပြောခဲ့ဖူးတယ်။)

ရန်ကုန်နဲ့ ထိုင်းမြန်မာနယ်စပ်ကို သွားရောက်လည်ပတ်ခဲ့သူ အင်္ဂလန်နိုင်ငံနိုင်ငံတကာတိုးတက်ရေး နောက်ယောင်ခံအတွင်းရေးမှူးမစ္စတာ ဒဲန်းဒရူးမီရဲ ပြောပြချက်အရ–

စစ်အစိုးရကိုကလဲ့စားချေဖို့မဟုတ်ဘဲ ကိုယ့်လူမျိုးအတွက်အလုပ်လုပ်နေတဲ့ခေါင်းဆောင်တွေရှိပါတယ်။ စစ်အစိုးရဟာ အခြားခေါင်းဆောင်တွေဆီကနေ ကိုယ်ချင်းစာ၊ အကြင်နာတရားတွေလိုအပ်လား? ကိုယ်ချင်းစာနဲ့ အကြင်နာတရားဟာ လူသတ်သမား တစ်ယောက်အတွက် ထိုက်တန်ပါရဲ့လား?၊Ceausescu ရော?၊ ဆက်ဒမ်ဟူစိန်ရော?၊ သူတို့တွေနဲ့ လုံးဝမထိုက်တန်ဘူး။

ဗမာပြည်သူပြည်သားတွေအပေါ် အကြင်နာမဲ့စွာ ဆိုးဝါးစွာလုပ်ခဲ့တဲ့နအဖစစ်အစိုးရဟာဘယ်တစ်ယောက်ရဲ့ ကြင်နာမှုနဲ့မှမထိုက်တန်ဘူးဆိုတာ --- ဘယ်အချိန်မှာ ဘယ်အရာတွေက သူတို့ကိုသိအောင်လုပ်နိုင်မလဲ။

မေတ္တာမဲ့ ရိုင်းစိုင်းတဲ့စစ်အာဏာရှင်သန်းရွှေ၊ သူ့ရဲ့ဗိုလ်ပါများနဲ့ သူတို့ကို ထောက်ပံ့နေတဲ့သူတွေဟာ ထောင်ပေါင်းများစွာသောတိုင်းသူပြည်သားကို သတ်ဖြတ်နေတဲ့လူတွေဖြစ်တယ်။

ဒါကြောင့် သူတို့လုပ်ခဲ့သလို သူတို့အပေါ် ပြန်လည် တုန့်ပြန်သင့်ရုံသာမက၊သူတို့ရဲ့ရာဇဝတ်မှုကြွေးအတွက် ထိုက်တန်တဲ့ပြစ်ဒဏ်ပြန်ပေးသင့်တယ်။

**ဒါဟာ ကလဲ့စားချေဖို့အတွက်မဟုတ်၊ တရားမျှတမှုအတွက်ပါ။❑**

5/11/07 က Feraya Nangmone ရေးသားသော
Justice not revenge ကို Yawd Lao ဘာသာပြန်ထားသည်။

# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပအမဖ) နှင့် အပစ်ရပ် PNO

ပအမဖနှင့် PNO နှစ်ဖွဲ့ မှာအနှစ်သာရအားဖြင့် တစ်ဖွဲ့တည်းပင်ဖြစ်သည်ဟု နားလည်ပါသည်။ ပအမဖ သည်ပအိုဝ်းလိုင်ဖူအဖွဲ့မှ ဆင်းသက်လာသောအဖွဲ့ဖြစ်၍၊ ကျွန်တော်တို့ ရတဒဖ သည်လည်း သျှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ရပလမှဆင်းသက်လာသော အဖွဲ့ဖြစ်ပါသည်။ ၁၉၄၇–၁၉၄၉ အထိအချိန်ကာလကရပလနှင့်ပအိုဝ်း လိုင်ဖူအဖွဲ့တို့သည် ပဒေသရာဇ်တိုက်ပွဲများတွင် ရဲဘော်ရဲဘက်များ အဖြစ် ရင်းနှီးစွာပူးပေါင်း တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုစဉ်ကတိုက်ပွဲများတွင် အသက်ပေးလှူခဲ့ကြသော ဦးအောင်သာ၊ ဦးဟိန်မောင် စသော ပအိုဝ်း ခေါင်းဆောင်များကိုလည်း ယနေ့တိုင်ဂုဏ်ပြု သတိရလျက်ရှိနေကြပါသည်။ ပအမဖ၊ PNO နှင့်ယနေ့တိုင် ရင်းနှီးစွာဆက်ဆံလျက်ရှိသော ဦးစံအောင်သည် ရပလခေါင်းဆောင်တစ်ဦးဖြစ်သလို ၊ပအမဖ၏ နာယကလည်းဖြစ်ပါသည်။

၁၉၄၇ ခုနှစ်ကအခြေခံဥပဒေရေးဆွဲကြစဉ်က အခြေခံဥပဒေ ရေးဆွဲသော တိုင်းပြည်လွှတ်တော်တွင် ရပလ ခေါင်းဆောင်များဖြစ်ကြ သောဦးတင်ဧ၊ ဦးထွန်းမြင့် (လင်းခေး)နှင့် ဦးထွန်းမြင့်(တောင်ကြီး)တို့ ပါဝင်ခဲ့ကြပါသည်။ သို့သော် ထိုစဉ်က ရပလခေါင်းဆောင်များသည်နိုင်ငံ ရေးအတွေ့အကြုံနုနယ်သေး၍လည်းကောင်း၊ ဖဆပလခေါင်းဆောင်မှု ကို အကြွင်းမဲ့ယုံကြည်ခဲ့ကြသဖြင့်လည်းကောင်း၊ တစ်နှစ်အတွင်း လွတ် လပ်ရေးရရှိရန်အချိန်ကန့်သတ်ချက်ရှိသဖြင့် ဖုတ်ပူမီးတိုက်ဆောင်ရွက် ခဲ့ကြ၍လည်းကောင်း၊ ပြီးပြည့်စုံခြင်းမရှိဘဲချို့ယွင်းချက်များ၊ ဟာကွက် များ ပါဝင်လာခဲ့ရပါသည်။ထို့ကြောင့် သျှမ်းပြည်နေ လူမျိုးစုတစ်ခုစီ အတွက်မဆိုထားဘိ၊ ရဲဘော်တို့အပါအဝင် သျှမ်းပြည်တစ်ခုလုံး၏ အ ရေးကိုပင် ပြည့်စုံစွာ မဆောင်ရွက်နိုင်ခဲ့သည်မှာ အမှန်ဖြစ်ပါသည်။တန်း တူရည်တူ ပြည်ထောင်စုဖြစ် မလာဘဲ၊ မဟာဗမာပြည်ထောင်စုဖြစ်လာ သဖြင့် ပြင်ဆင်ကြရန်ကြိုးပမ်းကြရာ ၁၉၆၂ တွင် စစ်တပ်က အာဏာ သိမ်းခြင်းကို ခံခဲ့ရပါသည်။

၁၉၇၄ ခုနှစ်အခြေခံဥပဒေရေးဆွဲစဉ်တွင် ရပလ ခေါင်းဆောင် ဟောင်းများဖြစ်သော ဦးတင်ဧ နှင့်ဦးထွန်းမြင့်(လင်းခေး) တို့လည်းပါဝင် လာသည်။သို့သော် ထိုစဉ်က အာဏာသိမ်းတပ်မတော်၏ အရိပ် အာဝါသနှင့် လမ်းညွှန်မှုအောက်တွင်ဆောင်ရွက်ခြင်းဖြစ်၍ ဘာမျှ ထိရောက်စွာမလုပ်နိုင်ဘဲ မဆလသြဇာခံ တစ်ပြည်ထောင်စနစ်ဖြစ် သော"တိုင်းနှင့် ပြည်နယ်ပေါင်းစု"ပုံစံ၊ အမည်ခံပြည်ထောင်စုသာ ဖြစ်လာခဲ့သည်။ လူမျိုးစုတစ်ခုစီ၏အရေးကိုမဆိုထားဘိ သျှမ်းပြည်တစ် ခုလုံး၏အရေးသည်ပင် ဘာမျှမရခဲ့ဘဲဆုံးရှုံးနစ်နာခဲ့ရပါသည်။သင့်တော် သောလူမျိုးစုများအတွက် သီးခြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ထားရှိပေးရန် ထိုစဉ်က တင်ပြတောင်းဆိုခဲ့ဖူးသော်လည်း မအောင်မြင် ခဲ့ပါ။

ယခုတတိယအကြိမ်တွင်မှ ၄င်းကိစ္စ အကောင်အထည်ပေါ် လာနိုင်ခဲ့ပါသည်။ အကြောင်းမှာ ဘယ်ဘက်အိတ်ထဲသို့ ငွေတစ်ကျပ်



**တချိန်က ဗိုလ်ခင်ညွန့် နှင့် PNO ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ**

ထည့်ပေးပြီး ညာဘက်အိတ်ထဲမှ ငွေငါးကျပ်အနှိုက်ခံရသော ဥပမာနှင့် တူ၍ ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါလျှင် ကျွန်တော်တို့ သျှမ်းပြည် သည် ယခင် အချိန်များထက် အဆင့်အတန်းပို၍ လျော့ကျသွားခြင်း ကြောင့် ဖြစ်ပါသည်။ ပအိုဝ်းလူမျိုးစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ ဖြစ်လာသော်လည်း၊ သျှမ်းပြည်တစ်ခုလုံးသည် နိုင်ငံရေးအရ အောက်သို့လျှောဆင်းသွားရသောကြောင့်ဖြစ်၏။

## ၁၉၄၇ နှင့် ၁၉၇၄ ဥပဒေများ

၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ပင်လုံညီလာခံ၌ အခြေခံအား ဖြင့် သဘောတူညီခဲ့ကြသော ဗမာပြည်မနှင့် ကျန်ပြည်နယ်များ တန်းတူ ရည်တူ ပူးပေါင်းပါဝင်သည့် စစ်မှန်သော ပြည်ထောင်စုပုံသဏ္ဌာန် ဖြစ်မ လာဘဲ ဗမာလူမျိုးကြီးက အဖက်စီးမှနေရာယူထားသော မဟာဗမာ ပြည်ထောင်စု ဖြစ်လာခဲ့၏။ ၁၉၇၄ ခုနှစ်တွင်မူ တိုင်းနှင့်ပြည်နယ်များကို တန်းတူထား၍ ပူးပေါင်းသော ပြည်ထောင်စုအတုကိုသာ ရခဲ့ပြန်ပါ သည်။ ယခုတကြိမ်တွင်ကား တိုင်းပြည်နှင့် ပြည်နယ်ပုံသဏ္ဌာန်အပြင် စစ်တပ်သြဇာခံဘဝသို့ ထာဝစဉ် ကျရောက်ရမည့်ပုံဖြစ်၍ ပိုဆိုးလာပါ သည်။ ထိုတန်ဖိုးလျော့ကျနေသော သျှမ်းပြည်ထဲတွင်ပအိုဝ်းအမျိုးသား များအတွက် သီးသန့်ဒေသတစ်ခုသတ်မှတ် ပေးလိုက်ခြင်းဖြစ်၏။ တနည်းအားဖြင့်ပြောရလျှင် ပြည်ထောင်စုရာအတုကြီးထဲရှိ သျှမ်းပြည် အိမ်ကြီးထဲတွင် သီးခြားအခန်းတစ်ခု ပေးလိုက်သည်မှာ မှန်ပါ၏။ သို့ သော် ထိုသျှမ်းပြည်အိမ်ကြီးမှာ တန်ဖိုးကျဆင်းသွားခဲ့ပြီဖြစ်ရာ အချို့ လူမျိုးစုများရရှိသော အခန်းသည်လည်း အလိုအလျောက် တန်ဖိုးကျ သွားပြီးဖြစ်ပါမည်။

## သျှမ်းလူမျိုးကြီးဝါဒအပေါ်အမြင်

အလျဉ်းသင့်သဖြင့် ဤနေရာတွင် လူမျိုးကြီးအကြောင်း အနည်းငယ် တင်ပြလိုပါသည်။ သျှမ်းအမျိုးသားများက ဗမာများသည် ၄င်းတို့အပေါ် လူမျိုးကြီးဝါဒကျင့်သုံးသည်ဟု မှတ်ယူကြ၏။ ရဲဘော်တို့ကဲ့သို့သော သျှမ်းပြည်တွင်းနေ လူမျိုးစုများကလည်း သျှမ်းများသည် လူမျိုးကြီးဝါဒ ကျင့်သုံးသည်ဟု ထင်မြင်သည်။ သို့သော် ထိုအားနည်းချက်ကို အခွင့်ကောင်းယူပြီး အိမ်ကြက်ချင်း အိုးမဲအသုတ်ခံရသည့် အဖြစ်မျိုးမရောက်စေရန် အထူးသတိပြုအပ်လှပေသည်။ Divide and Rule သဘောကို မမေ့စေလိုပါ။

ပအိုဝ်းအမျိုးသားများကို ထောက်ပြချင်သလိုကျန် ခနု အမျိုးသားများ၊ ပလောင်အမျိုးသားများ၊ ကိုးကန့်အမျိုးသားများ၊ ဝအမျိုးသားများကိုလည်း ထိုအတိုင်းပင် ထောက်ပြလိုပါသည်။လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ခန့်က ပုဂံပြည်တွင် အနော်ရထာမင်း မင်းပြုစဉ် အချိန်၌ သျှမ်းကုန်းမြေမြင့်စော်ဘွားများ အုပ်စိုးမှုအောက် သျှမ်းလူမျိုးများနေထိုင်လျက်ရှိကြ၏။ထိုစဉ်က သျှမ်းပြည်ဒေသတွင်စော်ဘွားနယ် ၁၀ ခု ထက်မပိုပါ။ ၁၈၀၈ မြန်မာဘုရင်၏ ပြန်တမ်းအရညောင်ရွှေစော်ဘွားပိုင်နယ်မြေသည်"အရှေ့ကိုလားသော် နမ့်ပွန်ချောင်းနှင့်မိုးနဲနယ်မြေအစပ်၊ တောင်ကိုလားသောမိုးဗြဲနှင့်တောင်ငူနယ်အစပ်၊ အနောက်ကိုလားသော် ပေါင်းလောင်းချောင်းနှင့် လှိုင်းတက်၊ ရမည်းသင်းအထိ၊ မြောက်ကိုလားသော် နမ္မတူချောင်းနှင့် သီပေါ၊ မိုးမိတ်နယ်စပ်အထိ" ကျယ်ဝန်းပါသည်။

အနော်ရထာ၏ ဗမာဘုရင်တပ်များ နှိပ်စက်မှုဒဏ်ကို မခံနိုင်သဖြင့် မိမိတို့ အကြီးအကဲများဦးဆောင်၍ ထွက်ပြေးတိမ်းရှောင်လာပြီး ညောင်ရွှေစော်ဘွားထံ အခြေစိုက်နေထိုင်ခွင့်တောင်း၏။ ညောင်ရွှေစော်ဘွားက ယခုဆီဆိုင်အရပ်တွင် နေထိုင်ခွင့်ပြုသည်။တဖြည်းဖြည်းနှင့် ပအိုဝ်းလူမျိုးများ တိုးပွါးလာသည်။ ညောင်ရွှေနယ် အင်းလေးကန်အရှေ့အရပ်သို့ လည်းကောင်း၊ ပင်လောင်းသေဒသတို့လည်းကောင်း၊ မြောက်ဘက်နှင့် အနောက်ဘက်သို့လည်းကောင်း၊ရွှေ့လျားအခြေစိုက်ကြရာ မိုင်းပွန်၊ ပင်လုံအရပ်ဒေသများအထိ ကျယ်ပြန့်သွားသည်။ ယခုခေတ် အခေါ်အားဖြင့် စစ်ပြေးဒုက္ခသည်များအဖြစ်ရောက်ရှိလာပြီး အခြေချနေထိုင်လာကြ၏။ တနည်းအားဖြင့် အိမ်ရှင်သျှမ်းများထံ ခွင့်ပန်ပြီး ပအိုဝ်းအမျိုးသားများသည် ဧည့်သည်အဖြစ် နေထိုင်လာကြခြင်းသာဖြစ်၏။ ခနုအမျိုးသားများသည် အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်စဉ်က လိုက်ပါလာကြသော ရခိုင်အမျိုးသား လေးသည်တော်တပ်သားများဖြစ်ကြသည်။ရေ၊ မြေ၊တောတောင်ကိုနှစ်သက်ကြသဖြင့် ဗမာပြည်မသို့ လိုက်မပြန်တော့ဘဲ နေရစ်ခဲ့ရာမှ ခနုအမျိုးသားဟူ၍ ဖြစ်လာခဲ့သည်ဟု မှတ်သားခဲ့ရဖူးသည်။

အလားတူစွာပင် ကိုးကန့်အမျိုးသားတို့သည်လည်း မြောက်အရပ်မှနေ၍သျှမ်းပြည်အတွင်းသို့ အစိမ့်စိမ့်ဝင်လာကြပြီး အိမ်ရှင်သျှမ်းများ၏ ဧည့်သည်အဖြစ်နေထိုင်လာကြခြင်းဖြစ်၏။ သို့သော် နှစ်ပရိစ္ဆေဒကြာမြင့်လာသောအခါ အိမ်သားများသဖွယ် အထိုင်ကျလာခဲ့သည်။ သျှမ်းပြည်၌ နေတိုင်းရင်းသားများပင်ဖြစ်လာကြ၏။



ပအိုဝ်းအမျိုးသားနေ့ကျင်းပကြစဉ်

ထိုသို့ကျယ်ဝန်းသော်လည်း လူဦးရေမှာ ပြောပလောက်အောင် မရှိချေ။ မြေလွတ်မြေရိုင်းအများအပြားပင်ရှိ၏။ ထိုအချိန်တွင် သုဝဏ္ဏဘုမ္မိခေါ် သထုံမင်းနိုင်ငံ၌ မနူဟာမင်း အုပ်ချုပ်လျက်ရှိသည်။ ပုဂံပြည့်ရှင်အနော်ရထာမင်းသည် ပိဋကတ်သုံးပုံကိုအလိုရှိ၍ သထုံကို ဝင်တိုက်ပြီး မနူဟာမင်းကိုပါဖမ်းဆီးခေါ်ဆောင်သွား၏။ သထုံပြည်တွင် မွန်လူမျိုးများနှင့် ရောနှောနေထိုင်ကြသော ပအိုဝ်းလူမျိုးများသည်

သို့သော်သမိုင်းကြောင်းအရ သျှမ်းအမျိုးသားများသည် အိမ်ရှင်ဖြစ်၍ ကျန်အမျိုးသားများသည် နောက်မှရောက်လာသော ဧည့်သည်များသာ ဖြစ်သည်ဟူသော ဇာစ်မြစ်ကို အသိအမှတ်ပြုကြရန်လိုပါမည်။ သျှမ်းအမျိုးသားများက နောက်မှဝင်ရောက်လာသောပအိုဝ်း၊ ခနု ၊ ကိုးကန့်အမျိုးသားတို့အပေါ် ရင်းနှီးစွာဆက်ဆံရန်လိုအပ်သကဲ့သို့ ကျန်အမျိုးသားများကလည်း အပြန်အလှန်အားဖြင့် သျှမ်းအမျိုးသား

များအပေါ် လေးစားစွာ ဆက်ဆံသင့်ပါသည်။ သို့မဟုတ်ဘဲ ဘေးလူမှ ခြေထိုးမြှောက်ပင့် ပေးခြင်း၊ အိမ်ကြက်ချင်းအိုးမဲ သုတ်ပေးခြင်းတို့ကို နားယောင်ပြီးကွဲကြလျှင် မိမိတို့အချင်းချင်းသာနစ်နာကြမည် ဖြစ်သည်။ ကိစ္စတခုပေါ် ပေါက်တိုင်း သမိုင်းအမြင်ဖြင့် ပြန်လည်သုံးသပ်သတိရကြပါက ပြဿနာအများသည် ပြေလည်သွားကြမည်ဖြစ်ပါသည်။ အတွင်းနံရံနှင့် အပြင်နံရံခွဲခြားသိရန် လိုအပ်လျက်ရှိပေပြီ။

## ရတဒဖ နှင့် ပအမဖတို့၏ ဆက်ဆံမှုသမိုင်း

ရပလနှင့်ပအမဖပအိုဝ်းလိုင်ပူအဖွဲ့တို့သည် ရဲဘက်မဟာမိတ်များဖြစ်ကြသကဲ့သို့ ရတဒဖနှင့် ပအမဖတို့သည်လည်း မဟာမိတ်များပင် ဖြစ်ခဲ့ကြပါသည်။ ရတဒဖ နာယက လူကြီး ဦးကျော်စိန်၊ ဒု ဥက္ကဋ္ဌ ခွန်ထွန်းအောင် အမှုဆောင် ခွန်စိန်ဝင်းတို့သည် ပအိုဝ်းအမျိုးသားများဖြစ်ပါသည်။ ထို့ပြင်ကျနော်တို့၏ သျှမ်းပြည်တိုင်းရင်းသား လူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ် ရတဒဖသည် အမည်ကိုယ်၌က သျှမ်းအမျိုးသား တမျိုးတည်းကို ကိုယ်စားပြုသည် မဟုတ်ဘဲ၊ သျှမ်းပြည်ရှိ လူမျိုးစုများအားလုံးကို ကိုယ်စားပြုဖွဲ့စည်းထားသည်ကိုလည်း သတိပြုကြစေလိုပါသည်။ ထို့ပြင် လူမျိုးစုကိုကိုယ်စားပြုသော အခြားအဖွဲ့အစည်းများနှင့်မဟာမိတ်ဖွဲ့ပြီး "သျှမ်းပြည်လူမျိုးပေါင်းစုံ အဖွဲ့ချုပ်" ကိုလည်း ဖွဲ့စည်းခဲ့သည်ကို မှတ်မိကြပါလိမ့်မည်။

ကျနော်တို့၏ လေးနက်မှန်ကန်သော စေတနာအရင်းခံဖြင့် မေတ္တာရပ်ခံ တင်ပြချက်များသည် အဟောသိကံ ဖြစ်မည်မထင်ပါ။ နဖူးပေါ် လက်တင် အပြန်အလှန်စဉ်းစား၍ သင့်တော်သောတချိန်ချိန်တွင် သင့်တော်သလိုခြေလှမ်းများ ပြင်နိုင်ကြလိမ့်မည်ထင်ပါသည်။ ပြင်နိုင်ကြလိမ့်မည်ဟုလည်း သျှမ်းပြည်လူထုတရပ်လုံးကိုယ်စား မျှော်လင့်တောင့်တနေပါသည်။

## သျှမ်းပြည်မှ အလင်းဝင်ရဲဘော်များသို့ပန်ကြားချက်

သျှမ်းပြည်မှ အလင်းဝင်ရဲဘော်များလည်း အထက်ပါ လူမျိုးစုများကဲ့သို့သော ပြဿနာများပေါ် ပေါက်လျက် ရှိမည်ဖြစ်ပါ၏။ တိုက်ပွဲဝင် မိမိတို့ရဲဘော်များ၏ အရေးသည် သျှမ်းပြည်တခုလုံးရှိ လူမျိုးစုများအားလုံးနှင့်လည်း ဆက်နွယ် လျက်ရှိပါသည်။ ရဲဘော်တို့ချွေးနှင့် သွေးကို အရင်းတည်၍ တိုက်ခဲ့ကြသည်မှာ သျှမ်းပြည်လူထု၏ အကျိုးအတွက်ပင်ဖြစ်ရာ ရှေ့ဆက်၍ မိမိတို့၏တပ်သားများနှင့် သက်ဆိုင်သော နိုင်ငံရေးပြဿနာကို စဉ်းစားသည့်အခါတိုင်း သျှမ်းပြည်လူထု၏ မျက်နှာကို ထောက်ထားညှာတာနိုင်ကြလိမ့်မည်ဟု အားကိုးမျှော်လင့်လျက် ရှိပါသည်။ ❑

ဦးရွှေအုံး၏
၁၆၊၁၁၊၂၀၀၇ ထုတ်ပြန်ကြေငြာချက်မှ
ထုတ်နှုတ် တည်းဖြတ်ထားပါသည်
(အယ်ဒီတာ)

# ဂမ်ဘာရီခရီးစဉ် တိုင်းရင်းသား ခေါင်းဆောင် အမြင်

"တိုင်းရင်းသားခေါင်းဆောင်နဲ့ တွေ့တယ်ဆိုတာ နအဖနဲ့ အကျွမ်းတဝင်ရှိတဲ့ သူတို့ချုပ်ကိုင်နိုင်တဲ့ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ပေးတွေ့တာထင်တယ်။ တကယ့်အတိုက်အခံ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ တွေ့ရတယ်ဆိုရင်တော့ အလားအလာ တိုးတက်တယ်လို့တော့ ပြောနိုင်ပါတယ်။သို့သော်လည်း အလားအလာအာမခံချက် ဘယ်လောက်ရှိလဲ၊ အနှစ်သာရ ဘယ်လောက်ရှိလဲ ဆိုတာတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။မစ္စတာဂမ်ဘာရီအတွက် ဒေါ်စု သာမက တိုင်းရင်းသားတွေနဲ့ပါတွေ့ဖို့ နိုင်ငံတကာဖိအားလည်း ရှိတယ်။ အထူးသဖြင့် အိမ်နီးနားချင်းတိုင်းပြည် ထိုင်းတို့၊ တရုတ်တို့ ဖိအားရှိတယ်။ ဒါကြောင့် ကုလသမဂ္ဂရဲ့ တကယ့်ဆုံးဖြတ်ချက်အတိုင်းလိုက်မယ်ဆိုလို့ရှိရင် တိုင်းရင်းသားအင်အားစုတွေပါ တွေ့ဆုံဖို့လိုတယ်ဆိုတဲ့အချက်က ပြေးလို့မလွတ်ဘူးဖြစ်နေတယ်။ ပေါက်ပေါက်မြောက်မြောက် ပေးတွေ့ချင်တဲ့၊ တန်းတူရည်တူ စကားပြောချင်တဲ့ဆန္ဒတော့ ရှိပုံမရပါဘူး။ ဖိအားတွေ မလွှဲမရှောင်သာတဲ့အတွက် ဝတ်ကျေတန်းကျေဘဲ ပေးတွေ့တာကို စိုးရိမ်တယ်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အလားအလာဖေါ်မယ် မဖေါ်ဘူးဆိုတာ ပြောဖို့စောနေတယ်။ မစ္စတာ ဂမ်ဘာရီရဲ့ ကြိုးစားမှု အဆက်မပြတ်ဖြစ်လာရင်တော့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြန်ပြီးတော့ ဖြစ်လာမယ်လို့ ပြောနိုင်တာပေ့ါ။"

**(ခွန်ဥက္ကာ) ကိုအောင်လွင်ဦး ၅၊ ၁၁၊ ၂၀၀၇**
**VOA ညပိုင်းအစီအစဉ်**

# တိုင်းရင်းသားတွေ ဒေါ်စုကို ယုံကြည်

အပစ်ရပ် ပအိုဝ်းနှစ်ဖွဲ့က ဘာကိုဆိုလိုတာလဲဆိုတာ ကျနော်အတိအကျမသိပါဘူး။ ဒါပေမဲ့တကယ့်တကယ် ကျတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့တိုင်းရင်းသားတွေကို ပစ်ထားမှာ မဟုတ်ဘူး။ လောလောဆယ်တော့ တိုင်းရင်းသားတွေအနေနဲ့ နအဖနဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံမှုကို ထောက်ခံရမယ်။ သူတို့ပြောပြီးတာနဲ့ တိုင်းရင်းသားတွေ ဆက်ပြီးတော့ပြောမယ်။ကချင်တိုင်း ရင်းသားတွေအနေနဲ့ကတော့ ဒီမိုကရေစီလိုလားတဲ့ ပြည်သူလူထုဖြစ်တဲ့အတွက် အားလုံးနီးပါးက (ဒေါ်စုကို) ယုံကြည်ပါတယ်။

Duwa Bawmwang Laraw
ကချင်အမျိုးသားအစည်းအရုံး၊
တိုင်းရင်းသားလူမျိုးများကောင်စီ ENC ဒု ဥက္ကဋ္ဌ

# ထိုင်းက ဗမာကို အကြောကြီးအားထား ရှိုးမည်

အမေရိကန်က ဗမာစစ်အစိုးရအပေါ် ပြင်းထန်စွာရှုပ်ချဖို့ ကုလလုံခြုံရေးကောင်စီကို ကြေငြာချက်တွေထုတ်ခိုင်းပြီး နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့၊ အတိုက်အခံတွေနဲ့စကားပြောဖို့၊ နို့မို့ရင် UN ကနေ ဒဏ်ခတ်ပိတ်ဆို့မှုတွေပိုလုပ်ဖို့ UN ကိုဖိအားပေးခဲ့တယ်။

အမေရိကရဲ့ (ပါးစပ်ကသာ) မိတ်ဆွေစစ်ဖြစ်တဲ့ ထိုင်းအဖို့ အမေရိကန်အတိုင်း လိုက်လုပ်မလား။ ထိုင်းအစိုးရနဲ့ နိုင်ငံခြားရေး ဝန်ကြီးဌာနကို ကျနော်ပြောချင်တာက ကောင်းကောင်းခြိုင့်သုံးသပ် စဉ်းစားပါ။ အကြောင်းကတော့ ကျုပ်တို့တိုင်းပြည်ဟာ ဗမာပြည်နဲ့နှောင်ဖွဲ့ပြီး ပစ္စုပ္ပန်ရောအနာဂတ်ပါ မဟာရောမ အကျိုးစီးပွားကြီးရှိနေလို့ပါ။

အမေရိကနောက်လိုက်ပြီး ဗမာစစ်အစိုးရအပေါ် သပိတ်မှောက်မိတဲ့အချိန်ဟာ ထိုင်းနိုင်ငံနဲ့ထိုင်းလူထုအတွက် အချိးနည်း အကျိုးမဲ့ပြီး ရေနည်းငါးလို သေဖို့ဘဲရှိတယ်။

တရုပ်နဲ့တောင်ကိုးရီးယားတို့ဟာ ဘာ့ကြောင့် အနောက်အုပ်စုအင်အားကြီးနိုင်ငံတွေနဲ့အတူလိုက်ပြီး ဗမာစစ်အစိုးရအပေါ် ပြစ်တင်ရှုပ်ချတာ မလုပ်သလဲဆိုတာသတိရှိရှိ ကြည့်မြင်တတ်ပါ။

အဖြေကတော့ လွန်ခဲ့တဲ့ဩဂုတ်လတုန်းက တရုပ်ပြည် ပီထြို ချိုင်းနားကုမ္ပဏီ (Petro China Co.) ဟာ A-1 နဲ့ A-3 ကမ်းလွန် ပင်လယ်လုပ်ကွက် သဘာဝဓါတ်ငွေ့ကို ဗမာစစ်အစိုးရဆီက ဝယ်ယူတဲ့ လက်မှတ်စာချုပ် ရေးထိုးပြီးခါစမို့လို့ဘဲ။ နောက်နှစ်နှစ်အတွင်း ဓါတ်ငွေ့ပိုက်လိုင်းတွေ အပြီးမြှုပ်နှံသွယ်တန်းပါတော့မယ်။ ထိုင်းနဲ့အိန္ဒိယတို့ထက် တရုပ်ကဈေးပိုပေးပြီး ကိုးရီးယားရဲ့ဒေဝူးကုမ္ပဏီ လုပ်ခွင့် လိုင်စင် ရထားတယ်။

ဘင်္ဂလားပင်လယ်အော်က အဲဒီအေဝမ်းနဲ့ အေသရီး ဓါတ်ငွေ့တွင်းဟာ ကုဗပေသန်းပေါင်း 4.5 ကနေ 7.7 အထိလောက်ရှိပြီး ဗမာပြည်ရဲ့ အကြီးဆုံး သဘာဝဓါတ်ငွေ့သိုက်ကြီးဖြစ်တယ်။ ထိုင်းကိုရောင်းပေးတဲ့ ရဲတံခွန်နဲ့ ရတနာဓါတ်ငွေ့တွင်းရဲ့ ပမာဏထက်တောင်ပိုကြီးမားတယ်။

အောက်ပါအဖြစ်မှန် အချက်အလက်တွေကို ထိုင်းပြည်သူတွေသိသင့်တယ်လို့ယူဆတယ်။

တစ် – ကနေ့မျက်မှောက်အနေအထားအရ ထိုင်းနိုင်ငံဟာ ဗမာပြည်က သဘာဝဓါတ်ငွေ့နဲ့လျှပ်စစ်စွမ်းအင်ကို အလွန်မတန် မှီခိုနေရတယ်။ ရတ်ချ်ပူရီခရိုင်ကလျှပ်စစ်ဓါတ်အားစက်ရုံကြီးနဲ့ အခြားပုဂ္ဂလိကပိုင်စက်ရုံတွေသာ ဗမာပြည်ကရတဲ့ဓါတ်ငွေ့နဲ့ မလည်ပတ်နိုင်ဘူးဆိုရင် ထိုင်းနိုင်ငံဟာ ဘယ်လောက်အထိ လျှပ်စစ်ဓါတ်အား ပြတ်တောက်သွားမလဲ။ ဗမာက ဓါတ်ငွေ့ပိုက်လိုင်းဖြတ်တောက်လိုက်တာနဲ့ ရတ်ချ်ပူရီလျှပ်စစ်စက်ရုံလဲ ချက်ချင်းရပ်ဆိုင်းဖို့ဘဲရှိလာတယ်။

နှစ်– အခုဆိုရင် ဗမာစစ်အစိုးရပိုပြီး လည်ပယ်ပါးနပ်လာတယ်။ ရှေ့လျှောက် ထိုင်းတစ်ခုဘဲ ဗမာရဲ့အကြီးဆုံး ဓါတ်ငွေ့ဖောက်သည်မဟုတ်တော့ပါဘူး။ တရုပ်က အကြီးဆုံးနံပါတ်တစ် အဝယ်တော်ကြီးအဖြစ် ကျော်တက်လာနေပြီ။ အိန္ဒိယနဲ့ တောင်ကိုးရီးယားတို့လဲ ပွတ်ကာသီကာ အပြေးလိုက်လာနေပါပြီ။ အကြောင်းကတော့ တိုင်းပြည်ဖွံ့ဖြိုးမှုအတွက် စွမ်းအင်လောင်စာ အဓိကအရေးကြီးဆုံးကဏ္ဍ ရောက်လာတဲ့ခေတ်သမယမှာ ကမ္ဘာ့ဈေးကွက်ထဲ စွမ်းအင်လောင်စာ အပြိုင် လုယက်ပိုင်ဆိုင်မှုဟာ နိုင်ငံတိုင်းရဲ့ပဓါနပေါ် လစီဖြစ်နေလို့ပါဘဲ။

သုံး – ထတ်ဆင် ချင်းနဝပ်အစိုးရလက်ထက်က ထိုင်းနိုင်ငံ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ EGAT ဟာဗမာပြည်ထဲ ရေအားလျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးမှာ ရင်းနှီးမြှုပ်နှံမှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်တယ်။

ဘတ်ငွေသန်းပေါင်း ၄၊ ၅ သိန်းဖိုးရင်းနှီးမြှုပ်နှံပြီး သံလွင်မြစ်ပေါ် ရေအားလျှပ်စစ်စီမံကိန်း ၅ ခု ( ၅ နေရာ) လုပ်ဖို့ သဘောတူခဲ့တယ်။ အဲဒီကနေ ထိုင်းနိုင်ငံထဲ ၁၂,၀၀၀ မှ ၁၆,၀၀၀ မီဂါဝပ်ရှိ လျှပ်စစ်စွမ်းအင်တွေ ထုတ်လုပ်ပို့လွှတ်မယ်။ ပထမဦးဆုံး ဆောက်လုပ်မှာက တတ်ခရိုင်နဲ့မျက်နှာချင်းဆိုင် ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းဖြစ်တယ်။

လေး – နောင်လာမဲ့ ၁၅ နှစ်အတွင်း အိမ်နီးချင်းနိုင်ငံတွေဆီက ရတဲ့ လျှပ်စစ်ဓါတ်အား ၁၂,၀၀၀ မီဂါဝပ်ကို ထိုင်းက မှီခိုအားထားရလိမ့်မယ်။ လောနိုင်ငံကဝယ်တဲ့ လျှပ်စစ်က မီဂါဝပ် ၄,၀၀၀၊ ဗမာဆီက ဝယ်တာ ၅,၀၀၀ မီဂါဝပ်နဲ့ တရုပ်ဆီကဝယ်တာ မီဂါဝပ် ၃,၀၀၀ ။

အဲဒါတွေဟာ လျှပ်စစ်ဓါတ်အားတမျိုးထဲနဲ့သက်ဆိုင်တဲ့ အကြမ်းဖျင်းအချက်အလက်လောက်ဘဲ ဖြစ်သေးတယ်။

လက်ရှိကာလအဖို့ ထိုင်းနိုင်ငံထဲ လျှပ်စစ်စက်ရုံဆောက်လုပ်ရေးဟာ တဖြည်းဖြည်းပိုမိုခက်ခဲလာတယ်။ အကြောင်းကတော့ရေအား လျှပ်စစ်စက်ရုံဖြစ်စေ၊ သဘာဝဓါတ်ငွေ့သုံး လျှပ်စစ်စက်ရုံဖြစ်စေ ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံဖြစ်စေ၊ ဆန့်ကျင်ကန့်ကွက်မှုတွေ ခံနေရလို့ပါဘဲ။ အဲဒါကြောင့် ဗမာနဲ့လောလို အိမ်နီးချင်းနိုင်ငံတွေဆီက လျှပ်စစ်ဝယ်ယူမှုလဲဘဲ ပိုပြီးလိုအပ်လာတယ်။ နို့မို့ရင် ကျုပ်တို့တိုင်းပြည် လျှပ်စစ်ပြတ်လတ်မှု အကျပ်အတည်းနဲ့ ရင်ဆိုင်ရပြီး ခွဲတမ်းစနစ်နဲ့သုံးစွဲရတဲ့အထိ ဖြစ်လာနိုင်ပါတယ်။

ထိုင်းဟာ ဗမာဆီက စွမ်းအင်လောင်စာတွေ မလိုချင်ဘူးဘဲ ထားဦး။ အိမ်နီးချင်းနိုင်ငံတွေက ငမ်းငမ်းတက်လိုချင်ကြပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံစာရင်းဝင် တရုပ်၊ အိန္ဒိယ ၊ ဗီယက်နမ်တို့ဟာ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်နဲ့ ထိုင်းကိုကျော်တက်နေပါတယ်။

ဘာဘဲလုပ်လုပ် သူ့အကြောင်း ကိုယ့်အကြောင်းသိဖို့ အဓိကပါ။ ဘုမသိ ဘမသိသူများနောက်ချည်းလိုက်ဖို့မဟုတ်ပါဘူး။❑

နေ့စဉ် ပင်တိုင်ဆောင်းပါးရှင် လုမ်းပလိယဲန်ထစ်
(ထိုင်းနိုင်ငံ မော်ကွန်းကဏ္ဍာ)
ထိုင်းရတ် ( ၉၊ ၁၀၊ ၀၇ စာ ၅)

# အိမ်မီးလောင်နေတာ ကိုယ့်အခန်းထဲဘဲနေလို့မဖြစ်ဘူး



## အထင်ကရ တိုင်းရင်းသားခေါင်းဆောင်ကြီးများ

ဝဲ မှ ယာ စိုင်းစောအောင် (SNLD)၊ ဦးသာဘန်း (ရခိုင်)၊ ဦးရွှေအုံး (သျှမ်း)၊ ပူကျင့်ရှင်းထန် (ဇိုမီး)၊ နိုင်ထွန်းသိန်း (မွန်)၊ အောင်ထွန်းစိန် (ရခိုင်)၊ ဦးအုံးတင် (ရခိုင်)၊ ဦးကျော် ... (ရခိုင်)၊ ဦးခင်မောင်တင့် (စိုင်းညွှန့်လွင် အစ်ကို)

ပအိုဝ်းအမျိုးသားအခွင့်ရေးရတာကို ကျနော်ထောက်ခံပါတယ်။ဒါပေမဲ့ ပိုအရေးကြီးတာက သူတို့နေနေတဲ့ သျှမ်းပြည်ကြီးကတော့ အခွင့်အရေးမရဘူး။ သျှမ်းပြည် အခွင့်အရေးဆုံးရှုံးပြီးတော့ သူတို့ချည်းဘဲ သက်သက်ရနေတော့ သိပ်ကျေနပ်စရာမရှိဘူး။ သိပ်လည်းမပျော်ပါနဲ့၊ ကျန်တဲ့လူမျိုးစုတွေကိုလည်းသတိရပါ။ ဒါဘဲကျနော်သတိပေးတာ။

ကျနော်သိတာကတော့ ဒေါ်အောင်ဆန်းစုကြည်တိုင်းရင်းသားတွေကို ကိုယ်စားပြုတယ်ဆိုတာမပါ ပါဘူး။တိုင်းရင်းသားတွေရဲ့သဘောထားလဲ ထည့်ပြီးစဉ်းစားပါ့မယ်လို့ဘဲပြောတာ။ ဘာမှ ကန့်ကွက်စရာမရှိဘူး။ ရှင်းနေတာဘဲ။ NLD အတွက်ဘဲပြောမှာမဟုတ်ဘူး။တိုင်းရင်းသားတွေအတွက်လဲလိုချင်တာ ကိုယ်စားပြောပေးမယ်ဆိုတာဘဲ။အမှန်ပြောရရင် ဒေါ်အောင်ဆန်းစုကြည် ကြေငြာချက်ကို ထောက်ခံပါ တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့NLDနဲ့ ကျနော်တို့ဟာ ဟိုးတုန်းကတည်းက မဟာမိတ်တွေပါ။ မိတ်ဆွေ လဲဟုတ်တယ်။ ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးခွင့်ရတဲ့အခါ ကျနော်တို့ကိုလဲမမေ့နဲ့။ ဒါဘဲကျနော်သတိပေးတာ။

PLO လို UNPLO လို တခြားတိုင်းရင်းသား အဖွဲ့တွေ ဒေါ်အောင်ဆန်းစုကြည် ကြေငြာချက်ကို ကန့်ကွက်တယ်ဆိုတာ သူတို့ဆရာက တယောက်ထဲဘဲလေ၊ အတူတူဘဲနေမှာပေ့ါ။ ကျနော်နားလည်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံဆွေးနွေးခွင့်ရရင် ကျနော်တို့တိုင်းရင်းသားအားလုံးကိုယ်စား အကြံဉာဏ် ပေးစေချင်တယ်။ PNO တို့အခွင့်အရေးရတာကို ကျနော်ဝမ်းသာပါတယ်။ဒါပေမဲ့သျှမ်းပြည်ထဲမှာ နေနေတဲ့ သူတို့လူမျိုးစု တခုထဲကွက်ပြီး အခွင့်အရေးရနေတော့ တပြည်လုံးနစ်နာ အခွင့်အရေးဆုံးရှုံး နေတယ်။ အိမ်မီးလောင်နေတာကို ကိုယ့်အခန်းထဲဘဲလုပ်နေလို့မဖြစ်ဘူး။ မီးလောင်နေတဲ့အိမ်ကြီးကိုပြန်ကြည့် ပါအုံး။ သူတို့တကွက်ထဲရပြီး သူများကို သတိမရတာကတော့ သိပ်ပြီး မမျှတာဘူး။ ❑

**ဦးရွှေအုံး**
**၁၉၊၁၁၊၂၀၀၇ VOA ညပိုင်း**

စာမျက်နှာ 25 မှ

တို့ပူးပေါင်းဖွဲ့စည်းခဲ့သည့်) သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ TRC နှင့်ပူးပေါင်းကာ ၁၉၈၆ တွင် SSRC/ MTAသျှမ်းပြည်တပ်မတော် အဖြစ်အမည်ပြောင်းလဲလာခဲ့သည်။

ခွန်ဆာစတင်တည်ထောင်ခဲ့သည့် (နောက်ပိုင်း SUA ဖြစ်လာသော) လွယ်မော်ကာကွယ်ရေးတပ်သည် ၁၉၉၆ ဇန်နဝါရီလ စစ်အစိုးရထံ လက်နက်ချအလင်းဝင်သည်အထိ MTA အဖြစ်ရပ်တည်နေနိုင်ခဲ့သည်။

MTA ဌာနချုပ် ဟိုမိန်းမြို့ကို စတင်ထူထောင်သူ ခွန်ဆာ၏ လက်စွဲဆောင်ပုဒ်မှာ“ ဗိုလ်ဖြစ်ချင်ပြီးတော့– စစ်တိုက်ရမှာကြောက်ရင်၊ ဆန်ရချင်ပြီးတော့–လယ်လုပ်ရမှာပျင်းရင်၊ ငွေရှိချင်ပြီးတော့– အရောင်းအဝယ်မတတ်ရင်၊ တိုင်းပြည်လိုချင်တာတော့ ဝေရာမဏီဘဲ” ဟူ၍ဖြစ်သည်။ ❑







S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org